စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၅ /၂၀၂၆**

**၂၀၂၆ ခုနှစ်၊ မေလ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- ကန့်ဘလူမြို့နယ် သီးနှံဈေးကွက်၌ နှမ်းဖြူဈေးနှုန်းအနည်းငယ်မြင့်တက်လာ
- တောင်ငူခရိုင်အတွင်းရှိ တောင်သူများ၏ မြေပဲသီးနှံ တစ်ဧက စိုက်/ရိတ်ထွက်မှုအခြေအနေ
- မိသားစု ဝင်ငွေတိုးဖို့ အာလူးစိုက်ပျိုးစို့

**နိုင်ငံတကာဈေးကွက်**

- ဖိလစ်ပိုင်နိုင်ငံ အနေဖြင့် ဆန်တန်ချိန် ၅ ဒသမ ၁ သန်းခန့် တင်သွင်းရဖွယ်ရှိ
- GMO ပါဝင်သည်ဟု ပြောဆိုလျက် အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့မှုကို တရုတ်အာဏာပိုင် ငြင်းပယ်
- ဟောင်ကောင်ရှိ လက်လီအရောင်းဆိုင်များတွင် ကမ္ဘောဒီးယားနိုင်ငံမှ အရည်သွေးမြင့်ဆန်များ စတင်ဝင်ရောက်
- ပါကစ္စတန်နိုင်ငံတွင် ဆန်စပါးကဏ္ဍအတွက် အစိုးရ၏ ကြားဝင်ဖြေရှင်းမှုကို တောင်းဆို
- အရှေ့အလယ်ပိုင်းတင်းမာမှုကြောင့် ဗီယက်နမ်ဆန်တင်ပို့မှု ကြန့်ကြာပြီး ကုန်ကျစရိတ်များ မြင့်တက်လာ
- အိန္ဒိယ၏ ဆန်လက်ကျန်များပြားမှုက ကမ္ဘာလုံးဆိုင်ရာ ဆန်ဈေးနှုန်းများ တည်ငြိမ်မှုရရှိစေ
- ပဲစင်းငုံနှင့် မတ်ပဲ အကောက်ခွန်လွတ်တင်သွင်းခွင့် ၂၀၂၇ ခုနှစ် မတ်လအထိ အိန္ဒိယတိုးမြှင့်
- အိန္ဒိယလွှတ်တော်ကော်မတီက ဆီထွက်သီးနှံနှင့် ပဲမျိုးစုံအတွက် ၁၀၀ ရာခိုင်နှုန်း MSP ဖြင့် ဝယ်ယူရန် တောင်းဆို
- အင်ဒိုနီးရှားနိုင်ငံက B 50 အစီအစဉ်အတွက် စားအုန်းဆီကြမ်းတန်ချိန် ၃ ဒ သမ ၅ သန်း ပြင်ဆင်ထား
- စားအုန်းဆီအကြမ်း ပြည်ပတင်ပို့မှု ထိန်းချုပ်ရေးကို တင်းကျပ်တော့မည့် ထိုင်းနိုင်ငံ
- စားအုန်းဆီကြမ်းတင်ပို့မှုနှင့် ဘူးသွင်းဆီဈေးနှုန်းကို ထိုင်းအစိုးရ ထိန်းချုပ်
- အိန္ဒိယနိုင်ငံတွင် သကြားနှင့် စားအုန်းဆီ ဝယ်လိုအား ကျဆင်းလာ
- ထိုင်းနိုင်ငံရှိ သကြားဈေးနှုန်းများ မြင့်တက်လာနိုင်
- ဈေးနှုန်းပြန်လည်မြင့်တက်ခြင်းနှင့် အယ်နီညိုရာသီဥတုခန့်မှန်းချက်ကြောင့် ၂၀၂၆ ခုနှစ်တွင် အိန္ဒိယ၏ ဝါ စိုက် ဧရိယာ တိုးလာနိုင်
- ရာသီဥတုဆိုးရွားမှုနှင့် ဝယ်လိုအားမြင့်တက်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ပြောင်းတင်သွင်းမှုအပေါ် ပိုမိုမှီခို
- ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုပမာဏ မြင့်တက်ခဲ့သော်လည်း ကမ္ဘာ့ဈေးကွက်ဖိအားကြောင့် ဝင်ငွေ ကျဆင်းလာ
- တရုတ်ကော်ဖီဆိုင်လုပ်ငန်းစုများ ပြည်ပသို့ချဲ့ထွင်ရာတွင် ဈေးနှုန်းချိုသာမှုထက် အရည်အသွေးမြှင့်တင်ရေးကို အလေးထားလာ

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁-၃၈၈၂၉၇
၀၁-၃၇၆၄၉၀
http://www.myantrade..org

- ဗီယက်နမ်၏ ရေတ်ကောင်းတင်ပို့မှု သိသိသာသာ ပြန်လည်တိုးတက်လာ
- ဗီယက်နမ်နိုင်ငံ၏ စတော်ဘယ်ရီသီး တင်ပို့မှု စံချိန်တင်မြင့်တက်လာ
- ဗီယက်နမ်နိုင်ငံမှ ကျွဲကောသီးနှင့် သံပရာသီးများကို တရုတ်နိုင်ငံသို့ တင်ပို့ရန် ခွင့်ပြုချက်ရရှိ
- တရုတ်သို့ အေးခဲဒူးရင်းသီးတန်ချိန် ၄၅၉ တန် တိုက်ရိုက် တင်ပို့ခဲ့သည့် အင်ဒိုနီးရှား
- ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အစိုးရဂိုဒေါင်များတွင် စားနပ်ရိက္ခာ တန်ချိန် ၁၉ ဒသမ ၂ သိန်းခန့် ရှိနေ
- ရေနံဓာတုပစ္စည်း သွင်းကုန်ခွန်များကို ပယ်ဖျက်လိုက်သည့် အိန္ဒိယနိုင်ငံ
- ၅ နှစ်တာကာလအတွင်း ကမ္ဘောဒီးယား၏ ပီလောပီနံတင်ပို့မှုနှစ်ဆမြင့်တက်လာ
- မြန်မာနှင့် လာအိုသို့ စက်သုံးဆီတင်ပို့မည်ဖြစ်ကြောင်း ထိုင်းအစိုးရ ရှင်းလင်းပြောကြား
- ၂၀၂၆ ခုနှစ်အစောပိုင်းတွင် ကင်းမွန်နှင့် ရေဘဝဲတင်ပို့မှုအားကောင်းခဲ့သည့် ဗီယက်နမ်
- အိန္ဒိယအစိုးရအနေဖြင့် ဓာတ်မြေဩဇာတင်သွင်းမှု အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဝန်ကြီးဌာနမှဌာနဆိုင်ရာအကြီးအကဲများအား တွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြား
- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဝန်ထမ်းများနှင့် တွေ့ဆုံကာ အမှာစကားပြောကြား
- ရန်ကုန်မြို့ Lotte Hotel ၌ The 2nd ASEAN Rice Trade Summit 2026 အခမ်းအနားကျင်းပ
- ငါး၊ ပုစွန်သားပေါက်ပွားသည့် ရာသီချိန်တွင် ငါးနှင့်သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် ကမ်းဝေးငါးဖမ်းရေယာဉ်များ ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာများသတ်မှတ်

**ပြည်ပကုန်သွယ်မှုသတင်း**

- ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ ဒေါ်လာ ၈၆၁ သန်း ရရှိ

**အထူးဆောင်းပါးများ**

- ဆန်တင်ပို့မှု ဈေးကွက်ချဲ့ထွင်ရန် ဗီယက်နမ် ရှာဖွေနေ

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ကန့်ဘလူမြို့နယ် သီးနှံဈေးကွက်၌ နှမ်းဖြူဈေးနှုန်းအနည်းငယ်မြင့်တက်လာ

ကန့်ဘလူခရိုင်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီး ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် ကန့်ဘလူမြို့နယ် တောကျွန်းရှပ်ကျေးရွာ၊ မြေထူးကျေးရွာ၊ နတ်ပေးကျေးရွာနှင့် အခြားသောကျေးရွာများတွင် ဆောင်းနှမ်းကို အဓိကစိုက်ပျိုးကြောင်း၊ နှမ်းသီးနှံကို ဒေသတွင်းစားသုံး၍ ပိုလျှံသောသီးနှံများကို ရွှေဘိုမြို့နှင့် မန္တလေးမြို့ရှိပွဲရုံများသို့ အဓိကတင်ပို့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ တတိယပတ်အတွင်း နှမ်းနက် (စမုန်) သစ်တစ်တင်းလျှင် ကျပ် ၂၃၃,၀၀၀၊ နှမ်းဖြူ(ဂျပန်) တစ်တင်းလျှင်ကျပ် ၁၃၀,၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်အပတ်၏ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ယခုတတိယပတ်အတွင်း နှမ်းနက်(စမုန်)အရောင်းအဝယ်အေးပြီး ကျပ် ၅၀၀၀ ကျဆင်း လျက်ရှိသော်လည်း နှမ်းဖြူကို စားသောက်ကုန်ထုတ်လုပ်ရာတွင် အသုံးပြုခြင်း၊ မန္တလေးဈေးကွက်တို့တွင် အနည်းငယ်ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် နှမ်းဖြူ(ဂျပန်) တစ်တင်းလျှင်ကျပ် ၁၀,၀၀၀ ဈေးနှုန်း ပြန်လည်မြင့်တက်လာကြောင်း ဒေသတွင်းပွဲရုံလုပ်ငန်းရှင်များ ထံမှ သိရသည်။

Source: https://www.doca.gov.mm/my/node/65151

## တောင်ငူခရိုင်အတွင်းရှိ တောင်သူများ၏ မြေပဲသီးနှံ တစ်ဧက စိုက်/ရိတ်ထွက်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်သည် စပါး၊ ဆီထွက်သီးနှံမျိုးစုံ၊ ရာသီအလိုက် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ၎င်းသီးနှံများအနက် မြေပဲသီးနှံကိုလည်း ဝတီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ခေါင်ရမ်းကျေးရွာအုပ်စုများတွင် စိုက်ပျိုးထားလျက် ရှိသည်။

မြေပဲသီးနှံ ၁ ဧက စိုက်ပျိုးရာ မျိုးအနေဖြင့် စွန်တာနီမျိုးကို ၁ တင်းလျှင် ၆၀,၀၀၀ ကျပ်ဖြင့် ဝယ်ယူ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ၁ ဧကလျှင် ၈ တင်းမှ ၁၀ တင်းထိ စိုက်ပျိုးရကြောင်း၊ မြေပဲသီးနှံ စိုက်ပျိုးမှုအနေဖြင့် တမန်းမျက်နှာညီညာအောင် စက်ဖြင့် ၂ ကြိမ်မြေပြုပြင်၍ မျိုးစေ့စိုက်ပျိုးစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မြေပဲစိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ၁၅ သိန်းဝန်းကျင်ခန့် ကုန်ကျပြီး မြေပဲထွက်ရှိမှုအနေဖြင့် ၁ ဧကလျှင် ၈၀ တင်းမှ ၁၀၀ တင်းနှုန်းခန့်ထွက်ရှိပြီး၊ ထွက်ပေါ်ချိန်တွင် ကုန်သည်များက မြေပဲ ၁ တင်းလျှင် ၄၀,၀၀၀ မှ ၄၂,၀၀၀ ကျပ်ဈေးဖြင့် ဝယ်ယူကြောင်း၊ ယခင်နှစ်ထက်အထွက်နှုန်းပိုမိုကောင်းမွန်သဖြင့် မြေပဲစိုက်တောင်သူများအမြတ်ရရှိခဲ့သည်ဟု သိရသည်။

မြေပဲများ ထွက်ပေါ်ချိန်တွင် မြေပဲစိုက်ပျိုးသူများက ကုန်သည်များထံသို့ ပွဲစားများဖြင့်လည်းကောင်း၊ တချို့က မြို့ပေါ်ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိကြောင်း မြေပဲသီးနှံ စိုက်ပျိုးသူ၏ပြောပြချက်အရ သိရသည်။

Source: https://www.doca.gov.mm/my/node/65134

## မိသားစု ဝင်ငွေတိုးဖို့ အာလူးစိုက်ပျိုးစို့

ကယားပြည်နယ်၊ လွိုင်ကော်မြို့သည် သဘာဝတောတောင်ရေမြေအလှတို့နှင့် လှပသော မြို့တစ်မြို့ဖြစ်ပြီး လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်တို့တွင်နေထိုင်သောကျေးလက်နေတောင်သူများသည် မိသားစုအပိုဝင်ငွေရရှိရေးအတွက်စားဖိုဆောင်သီးနှံတစ်ခုဖြစ်သော အာလူးကို စီးပွားဖြစ်စိုက်ပျိုးကြသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကယားပြည်နယ်အတွင်း အာလူးကို မိုးနှင့် ဆောင်း နှစ်ရာသီခွဲ၍ စိုက်ပျိုးကြောင်း မိုးစိုက်ဧက ၃ ဧက၊ ဆောင်းအာလူး ၁၅၉ ဧက စိုက်ပျိုးထားကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။ စိုက်ပျိုးထားသော(မိုး)အာလူးကို ၃ ဧကလုံး ရိတ်သိမ်းထားပြီးဖြစ်ကြောင်း ရိတ်သိမ်းထားသော အာလူးများကို ပြည်နယ်အတွင်းရှိဈေးကွက်တွင် တစ်ပိဿာလျှင်ကျပ် ၄,၀၀၀၊ ၅,၀၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိသည်။

ဆောင်းအာလူးကို အောက်တိုဘာလ မှ နိုဝင်ဘာလကုန်အချိန်သည် မြေအစိုဓာတ် ရှိနေချိန်ဖြစ်၍ စိုက်ပျိုးရန်သင့်တော်သောအချိန်ဖြစ်သည်။ အာလူးသည် ရေဝပ်ခြင်းကိုလုံးဝမကြိုက်သဖြင့် ရေထုတ်မြောင်းများ ကောင်းစွာပြုလုပ်ရန်လိုအပ်သည်။ စိုက်ပျိုးရာတွင် ထွန်မွှေ၊ စိုက်ကြောင်းဆွဲပြီး ကျင်းဖောက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ စိုက်ခင်းပြင်၊ စိုက်ပျိုးခြင်း၊ အပင်ပြုစုခြင်း၊ တူးဖော် ရိတ်သိမ်း၊ သွင်းအားစု ၊ အလုပ်သမားခအပါအဝင် စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ် ၁,၃၄၀,၀၀၀ /- ကျပ် ဝန်းကျင်ခန့်ကုန်ကျကြောင်း၊ တစ်ဧကအထွက်နှုန်း ပိဿာ ၂,၀၀၀၊ တစ်ပိဿာ ၅,၀၀၀ ကျပ် ဈေးနှုန်းဖြင့် ရောင်းလျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် ၈,၆၆၀,၀၀၀ ဝန်းကျင်မြတ်ကြောင်း၊ တစ်ဧက ဝင်ငွေအနေဖြင့် ၁၁,၀၀၀,၀၀၀ ဝန်းကျင်ခန့်ဝင်၍ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးမှာ ၁ အချိုး ၈ ဒသမ ၂ ခန့် အချိုးဖြစ်၍ စီးပွားဖြစ်စိုက်ပျိုးသင့်သော စားဖိုဆောင်သီးနှံတစ်မျိုး ဖြစ်ကြောင်း သိရသည်။ Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_234202611:06

## နိုင်ငံတကာဈေးကွက်

## ဖိလစ်ပိုင်နိုင်ငံ အနေဖြင့် ဆန်တန်ချိန် ၅ ဒသမ ၁ သန်းခန့် တင်သွင်းရဖွယ်ရှိ

၂၀၂၆-၂၀၂၇ ဈေးကွက်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုသည် မက်ထရစ်တန် ၅ သန်းကျော်ရှိမည်ဟု ခန့်မှန်းထားကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန (USDA) က ပြောကြားခဲ့သည်။ ၎င်း၏အဆိုအရ လက်ရှိ ၂၀၂၅-၂၀၂၆ ဈေးကွက်နှစ်တွင် ခန့်မှန်းထားသည့် မက်ထရစ်တန် ၄ ဒသမ ၄ သန်းမှမြင့်တက်လာကာ ထိုကာလအတွင်း ဆန်တင်သွင်းမှုသည် ၁၆ ရာခိုင်နှုန်းနီးပါး တိုးလာမည်ဟု ခန့်မှန်းထားသည်။

ဆန်ဈေးကွက်နှစ်ကို ဇူလိုင်လမှ စတင်၍ နောက်နှစ် ဇွန်လအထိ သတ်မှတ်ထားခြင်းဖြစ်ပြီး ဆန်တင်သွင်းမှု မြင့်တက်လာခြင်းမှာ လက်ရှိဈေးကွက်နှစ်မှ ကျန်ရှိသည့် သိုလှောင်မှုပမာဏ လျော့နည်းလာခြင်းနှင့် ဆက်စပ်နေကြောင်း သိရသည်။ ၂၀၂၆-၂၀၂၇ ဈေးကွက်နှစ်တွင် ဆန်လက်ကျန်ပမာဏသည် မက်ထရစ်တန် ၂ ဒသမ ၉ သန်း အထိ ကျဆင်းမည်ဟု ခန့်မှန်းထားပြီး ယခင် နှစ်၏ မက်ထရစ်တန် ၂ ဒသမ ၉၅ သန်းထက် အနည်းငယ်ကျဆင်းသွားဖွယ်ရှိသည်။

ထို့ပြင် ဆန်တင်သွင်းမှုကို လေးလကြာ တားမြစ်ထားခြင်း၏ သက်ရောက်မှုကြောင့် သိုလှောင်မှု လက်ကျန်ပမာဏများ လျော့နည်းလာသဖြင့် ယခင်ဈေးကွက်နှစ်နှင့်နှိုင်းယှဉ်လျှင် ဆက်လက်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း USDA ကပြောကြား ထားသည်။

၂၀၂၆-၂၀၂၇ ဈေးကွက်နှစ်တွင် စပါးအထွက်ပမာဏသည် မက်ထရစ်တန် ၁၉ ဒသမ ၆၈ သန်းအထိ ရှိမည်ဟု ခန့်မှန်း ထားပြီး ယခင်နှစ်ထက် သုည ဒသမ ၄ ရာခိုင်နှုန်းတိုးမြင့်လာမည်ဖြစ်သည်။ သို့ရာတွင် ထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်မှု အနည်းငယ်ရှိသော်လည်း လူဦးရေတိုးပွားလာမှုကြောင့် အဓိက စားသုံးအစားအစာဖြစ်သော ဆန်အပေါ်လိုအပ်ချက်သည် ဆက်လက်မြင့်တက်နေမည်ဟု USDA က ပြော ကြားခဲ့သည်။

ထို့ပြင် ၂၀၂၆-၂၀၂၇ ဈေးကွက်နှစ်အတွက် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်စားသုံးမှုသည် မက်ထရစ်တန် ၁၇ ဒသမ ၆၅ သန်း အထိ ရှိလာမည်ဟု ခန့်မှန်းထားပြီး လက်ရှိဈေးကွက်နှစ်တွင်ရှိသည့် မက်ထရစ်တန် ၁၇ ဒသမ ၆ သန်းမှ အနည်းငယ် တိုးတက် လာမည်ဖြစ်သည်။

Source: Business World Online, 31 March 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source:https://www.doca.gov.mm/my/node/65012

## GMO ပါဝင်သည်ဟု ပြောဆိုလျက် အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့မှုကို တရုတ်အာဏာပိုင် ငြင်းပယ်

တရုတ်နိုင်ငံသည် မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲထားသော အော်ဂဲနစ်ပစ္စည်းများ (GMO) ပါဝင်လျက်ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် အိန္ဒိယနိုင်ငံမှတင်ပို့သော ဆန်တင်ပို့မှု သုံးကြိမ်ကို ပယ်ချခဲ့ရာ ကုန်သွယ်ရေးညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ် ရာတွင်အသာစီးရရှိရန် ကြိုတင်တွက်ဆလုပ်ဆောင်သည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ဟု ယူဆရသည်။ အဆိုပါ ဘာစမာတီ မဟုတ်သောဆန်များကို သဘော်တင်ပို့ခြင်းမပြုမီကပင် တရုတ်နိုင်ငံ၏အေဂျင်စီတစ်ခုက စမ်းသပ်စစ်ဆေးခဲ့ပြီးဖြစ်သော်လည်း တင်သွင်းခွင့်မပြုဘဲ ငြင်းပယ်ခံရခြင်း ဖြစ်သည်။

အိန္ဒိယအနေဖြင့် အစားအစာအဖြစ်အသုံးပြုသော မည်သည့်စားသုံးသီးနှံကိုမျှ ပြည်တွင်း၌ မျိုးဗီဇပြုပြင်ပြောင်းလဲ၍ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန် ခွင့်ပြုထားခြင်းမရှိဘဲ ဝါသီးနှံတစ်မျိုးတည်းကိုသာ မျိုးဗီဇပြောင်းလဲခွင့်ပေးထားသည်။ ဆန် ကုန်သွယ်မှုနယ်ပယ်ရှိ သတင်းရင်းမြစ်များအရ ငြင်းပယ်ခံရသည့် သက်ဆိုင်ရာကုမ္ပဏီများသည် အဆိုပါကိစ္စနှင့်ပတ်သက်၍ အိန္ဒိယ၏ စိုက်ပျိုးရေးပို့ကုန်မြင့်တင်ရေးအာဏာပိုင်အဖွဲ့ဖြစ်သော APEDA နှင့် အိန္ဒိယစိုက်ပျိုးရေးသုတေသနကောင်စီ (ICAR) တို့ထံ တင်ပြဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ICAR ကောင်စီသို့ တင်ပြရာတွင် Nagpur မြို့အခြေစိုက် Shriram Food Industry က အိန္ဒိယ တစ်နိုင်ငံလုံးတွင် GMO မဟုတ်သောစပါးများကိုသာ စိုက်ပျိုးလျက်ရှိသော်လည်း တရုတ်နိုင်ငံမှ ဝယ်ယူသူများနှင့် အာဏာပိုင်များသည် အိန္ဒိယမှ စိုက်ပျိုးထုတ်လုပ်သောဆန်သည် GMO မဟုတ်ကြောင်းတရားဝင်အတည်ပြုကြေညာချက်တစ်ရပ်ကိုထုတ်ပြန်ပေးရန်တောင်းဆို နေကြသည်ဟု ပြောကြားခဲ့သည်။ ကုမ္ပဏီဘက်မှ ICAR အနေဖြင့် ဤကိစ္စရပ်အား အတည်ပြုသည့် ယေဘုယျဖော်ပြချက် သို့မဟုတ် ကြေညာချက်တစ်ရပ် ထုတ်ပြန်ပေးရန် တောင်းဆိုထားသည်။

Source: SS Rice News, 25 March 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source:https://www.doca.gov.mm/my/node/64806

## ဟောင်ကောင်ရှိ လက်လီအရောင်းဆိုင်များတွင် ကမ္ဘောဒီးယားနိုင်ငံမှ အရည်သွေးမြင့်ဆန်များ စတင်ဝင်ရောက်

ကမ္ဘောဒီးယားနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး Cham Nimul မှကမ္ဘောဒီးယားနိုင်ငံ၏အရည်အသွေး မြင့်ဆန်အမှတ်တံဆိပ် Golden King ကို ဟောင်ကောင်နှင့် ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ လက်လီအရောင်းဆိုင် ၃၄၅ ဆိုင် ကျော်တွင် ဖြန့်ဖြူးရောင်းချလျက်ရှိပြီး နိုင်ငံတော်၏ စိုက်ပျိုးရေးလုပ်ငန်းကို နိုင်ငံတကာသို့တိုးချဲ့ရာတွင် အဓိကခြေလှမ်းတစ်ခု ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဤတိုးချဲ့မှုသည် အာရှ၏ အဓိကစီးပွားရေးလုပ်ငန်းစုကြီးတစ်ခုဖြစ်သော DFI Retail Group နှင့် Amru Rice Co.,Ltd (Cambodia) တို့ ပူးပေါင်းဆောင်ရွက်ပြီး ဆန်များကို ဟောင်ကောင်ရှိ Wellcome Super Markets ၂၄၅ ဆိုင်ကျော်နှင့် ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ Lucky Super Markets ၁၀၀ ခန့်တွင် ရရှိနိုင်ပြီဖြစ်ကြောင်း ထပ်လောင်းကြေညာ ခဲ့သည်။

Cham Nimul က ကမ္ဘောဒီးယားကောက်ပဲသီးနှံများကို ပြည်ပတွင် မြှင့်တင်ပေးသည့်အတွက် Amru Rice Co.,Ltd (Cambodia)ကို ချီးကျူးဂုဏ်ပြုခဲ့သည်။ Cham Nimul က အမှတ်တံဆိပ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့ဈေးကွက်များသို့ အဆင့်မြင့်ထုတ်ကုန်များတင်ပို့မှုအတွက် ပိုမိုဝင်ရောက်နိုင်ရေးတို့ကိုအာရုံစိုက်၍ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့မှတစ်ဆင့် အစိုးရ၏ပံ့ပိုးမှုများကို ထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။ Source: Khmer Times

Source: https://www.doca.gov.mm/my/node/64963

## ပါကစ္စတန်နိုင်ငံတွင် ဆန်စပါးကဏ္ဍအတွက် အစိုးရ၏ ကြားဝင်ဖြေရှင်းမှုကို တောင်းဆို

ပါကစ္စတန်နိုင်ငံ၏ ဆန်စပါးကဏ္ဍမှ လုပ်ငန်းရှင်များနှင့် သက်ဆိုင်သူများက ပို့ကုန်တိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူဝါဒနှင့်လုပ်ငန်းလည်ပတ်မှုဆိုင်ရာစိန်ခေါ်မှုများကိုဖြေရှင်းပေးရန်အစိုးရ၏အရေးပေါ်ကြားဝင်ဆောင်ရွက်မှုကိုတောင်းဆိုလိုက်ကြသည်။ နှောင့်နှေးကြန့်ကြာမှုများနှင့် ထိရောက်မှုမရှိသည့် အခြေအနေများ ဆက်လက်ရှိနေပါက ကမ္ဘာ့ဈေးကွက်တွင် နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းကို အားနည်းစေကြောင်း ၎င်းတို့က သတိပေးခဲ့ကြသည်။

အမျိုးသားစားနပ်ရိက္ခာဖူလုံရေးနှင့် သုတေသနဆိုင်ရာ ဖက်ဒရယ်ဝန်ကြီး Rana Tanveer Hussain နှင့်တွေ့ဆုံစဉ် ယခုကဲ့သို့ စိုးရိမ်ပူပန်မှုများကို တင်ပြခဲ့ကြခြင်းဖြစ်ပြီး ဝန်ကြီးက အဆိုပါ ကိစ္စရပ်များကို ဦးစားပေးဖြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် ပို့ကုန်ဦးစားပေးကဏ္ဍများကို ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များအား ကတိပြုပြောကြားခဲ့သည်။

လာဟိုးကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (LCCI) မှ ကိုယ်စားလှယ်များနှင့်အတူ ထိပ်တန်းဆန်တင်ပို့သူများ၊ စီးပွားရေးလုပ်ငန်းရှင်များက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုစွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများလိုအပ်ကြောင်း အလေးပေး ပြောဆိုခဲ့ကြသည်။

အဆိုပါကိစ္စရပ်များကို ဆန်စပါးတန်ဖိုးကွင်းဆက်မှ အဓိကလုပ်ငန်းရှင်များ စုဝေးတိုင်ပင်ကြသည့် နေ့လယ်စာစားပွဲတွင် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ပါဝင်တက်ရောက်သူများက အခွန်နှင့်အခကြေးငွေများ ပြန်လည်ထုတ်ပေးသည့် (DLTL) အစီအစဉ်တွင် အမြဲတစေကြန့်ကြာနေမှုများအပေါ် အလေးအနက် စိုးရိမ်ပူပန်မိကြောင်းနှင့် ယင်းကဲ့သို့ ကြန့်ကြာနေမှုများသည် ပို့ကုန်လုပ်ငန်းရှင်များ၏ ငွေကြေးစီးဆင်းမှုနှင့် လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည်ကို ထိခိုက်စေကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အီရန်နှင့်အရှေ့ဖျားဈေးကွက်များသို့တင်ပို့သည့် ယန္တရားများကိုပြန်လည်သုံးသပ်ခဲ့ကြပြီးလုပ်ထုံးလုပ်နည်းဆိုင်ရာအဟန့်အတားများကို ဖယ်ရှားပေးရန်နှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန် တောင်းဆိုခဲ့ကြသည်။

အစည်းအဝေးတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး (R&D) ကဏ္ဍ၌ လိုအပ်ချက်များရှိနေသည်ကိုလည်း မီးမောင်းထိုးပြခဲ့ပြီး ကုန်ထုတ်စွမ်းအားနှင့် အရည်အသွေးမြှင့်တင်ရန်အတွက် ဆန်းသစ်တီထွင်မှုများ၊ ပိုမိုကောင်းမွန်သည့်မျိုးစေ့များနှင့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကိုကျင့်သုံးရန် လိုအပ်ကြောင်း အလေးပေးဆွေးနွေးခဲ့ကြသည်။

ပိုးသတ်ဆေးကြွင်းဆိုင်ရာ လိုက်နာဆောင်ရွက်မှုများနှင့်ပတ်သက်၍လည်း အသေးစိတ် ဆွေးနွေးခဲ့ကြပြီး ပါကစ္စတန်၏ ပို့ကုန်ဈေးကွက်ကို ကာကွယ်ရန်အတွက် နိုင်ငံတကာစံချိန်စံညွှန်းများကို တိကျစွာလိုက်နာရန် လုပ်ငန်းရှင်များက တိုက်တွန်းခဲ့ကြသည်။ ထို့ပြင် ကမ္ဘာ့ဈေးကွက်တွင် နိုင်ငံ၏ ကောင်းမွန်သည့်ပုံရိပ်ကို ထိခိုက်စေသည့် စပါးနှင့် ဆန်သိုလှောင်မှုများ၊ မမှန်မကန် ဈေးနှုန်းကစားမှုများကို ထိန်းချုပ်ရန်အတွက် ဆန်စပါးကုန်သွယ်မှုကို ပိုမိုကောင်းမွန်စွာ စနစ်တကျထိန်းကျောင်းပေးရန်လည်း တောင်းဆိုခဲ့ကြသည်။

အစိုးရ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုရာတွင် ဝန်ကြီး Rana Tanveer Hussain က လုပ်ငန်းရှင်များ တင်ပြလာသည့် ကိစ္စရပ်အားလုံးကို ချက်ချင်းဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ စီးပွားရေး လုပ်ငန်းများနှင့် ကိုက်ညီမည့် မူဝါဒများချမှတ်ရန်နှင့် စိုက်ပျိုးရေးပို့ကုန်ကဏ္ဍကို ခိုင်မာစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။ LCCI အနေဖြင့်လည်း စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် မူဝါဒချမှတ်သူများနှင့် စီးပွားရေးအသိုက်အဝန်းကြား ပေါင်းကူးတံတားအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

Source: Business Recorder, 9 April 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),

Source: https://www.doca.gov.mm/my/node/65013

## အရှေ့အလယ်ပိုင်း တင်းမာမှုကြောင့် ဗီယက်နမ်ဆန်တင်ပို့မှု ကြန့်ကြာပြီး ကုန်ကျစရိတ်များ မြင့်တက်လာ

အရှေ့အလယ်ပိုင်းဒေသတင်းမာမှုများကြောင့် သင်္ဘောတင်ပို့မှုကြန့်ကြာလာပြီး ရေလမ်း သယ်ယူပို့ဆောင်မှုစရိတ်များ မြင့်တက်လာခြင်းက ဗီယက်နမ်ဆန်တင်ပို့မှုကို အနှောင့်အယှက် ဖြစ်စေလျက်ရှိသည်။ ကုန်သည်များအနေဖြင့် ကုန်ပစ္စည်းပေးပို့မှုများကို ရွှေ့ဆိုင်းနေရပြီး စာချုပ်သစ်များချုပ်ဆိုရာတွင်လည်း ပိုမိုသတိထားဆောင်ရွက်နေရကြောင်း တာဝန်ရှိသူများက မတ်လ ၂၄ ရက် (အင်္ဂါနေ့) တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံး ဆန်တင်ပို့သည့်နိုင်ငံများအနက်တစ်ခုဖြစ်သော ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် ဆန်ထုတ်လုပ်မှုအားကောင်းရန်မျှော်လင့်ထားပြီး ယခုနှစ်အတွင်း ဆန်တင်ပို့မှုမှာ တန်ချိန် ၇ ဒသမ ၇၃ သန်းခန့်အထိရှိလာမည်ဟု ခန့်မှန်းထားသော်လည်း ယခုကဲ့သို့ သယ်ယူပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ Can Tho မြို့တွင် ကျင်းပပြုလုပ်သော အစိုးရ၏ ဆန်တင်ပို့မှုဆိုင်ရာ ညီလာခံတွင် တင်ပြခဲ့သည့် အကောက်ခွန်ဆိုင်ရာ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံသည် မတ်လ ၁၅ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၈၂၆ ဒသမ ၂ သန်း တန်ဖိုးရှိသော ဆန်တန်ချိန် ၁ ဒသမ ၇၄ သန်းခန့်ကို တင်ပို့ခဲ့ပြီးဖြစ်သည်။ ဆန်တင်ပို့မှု ပမာဏမှာ ယခင်နှစ်ကာလတူထက် ၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာသော်လည်း ကမ္ဘာ့ဈေးကွက်အတွင်း ဆန်ဈေးနှုန်းများ ကျဆင်းသွားခြင်းကြောင့် ပို့ကုန်ဝင်ငွေမှာ ၈ ဒသမ ၇ ရာခိုင်နှုန်းခန့်ကျဆင်းသွားခဲ့သည်။ အဓိက ဆန်တင်ပို့သည့် နိုင်ငံကြီးများဖြစ်သော အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ ဆန်တင်သွင်းမှု များပြားလာခြင်းကြောင့် ပျမ်းမျှပို့ကုန် ဈေးနှုန်းမှာ ၁၀ ဒသမ ၇ ရာခိုင်နှုန်းအထိ လျော့ကျသွားပြီး တစ်တန်လျှင် ၄၇၇ ဒသမ ၆ ဒေါ်လာခန့်သာရှိကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် အရှေ့အလယ်ပိုင်းဒေသရှိ ပဋိပက္ခများကြောင့် သင်္ဘောလမ်းကြောင်းများနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များ မြင့်တက်လာသဖြင့် ပို့ကုန်လုပ်ငန်းရှင်များသည် တိုးမြင့်လာသော ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ်အတွင်း ဆန်တင်ပို့မှုများသည် အရှေ့အလယ်ပိုင်းဒေသရှိ ပဋိပက္ခများ၏ ရိုက်ခတ်မှုကို ခံရဖွယ်ရှိသည်ဟု စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သွင်းကုန်ထုတ်ကုန်ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Nguyen Anh Son က ပြောကြားခဲ့သည်။

ရေကြောင်းအာမခံကြေးများ မြင့်တက်လာပြီး ကုန်ပစ္စည်းပေးပို့ရသည့် ကြာမြင့်ချိန်မှာ ၁၀ ရက်မှ ၁၅ ရက်အထိ ပိုမိုကြာမြင့်လာသည်။ ထို့ပြင် ဆန်တင်ပို့မှုအတွက် ပြည်တွင်းသယ်ယူပို့ဆောင်မှုစရိတ်မှာလည်း တစ်တန်လျှင် ဗီယက်နမ်ဒေါင် ၂၀,၀၀၀ မှ ၃၀,၀၀၀ (အမေရိကန် ဒေါ်လာ သုည ဒသမ ၈ မှ ၁ ဒသမ ၂) ခန့် အထိ မြင့်တက်လာကြောင်း Nguyen Anh Son က ထပ်လောင်းပြောကြားခဲ့သည်။

ပို့ကုန်လုပ်ငန်းရှင်များသည် ကွန်တိန်နာအလွတ်များ ရှားပါးမှုနှင့် သင်္ဘောလိုင်းအချို့၏ အရှေ့အလယ်ပိုင်းသို့သွားမည့် ဝန်ဆောင်မှုခရီးစဉ်များကိုလျှော့ချခြင်း သို့မဟုတ် လမ်းကြောင်းပြောင်းလဲခြင်းများကြောင့် သင်္ဘောအချိန်ဇယားများ မကြာခဏ ပြောင်းလဲနေရသည့် အခြေအနေများကိုလည်း ရင်ဆိုင်နေကြ ရသည်။ ထို့ကြောင့် ကုန်ပစ္စည်းတင်ရန် နေရာရရှိမှု ခက်ခဲလာပြီး သတ်မှတ်ထားသော ကုန်ပစ္စည်းပေးပို့ရမည့် ရက်ချိန်းများကို ပြည့်မီရန် ပိုမိုခက်ခဲလာစေသည်။

ကုန်သည်အများအပြားသည် စာချုပ်များကို ပြန်လည်ညှိနှိုင်းခြင်း သို့မဟုတ် ကုန်ပစ္စည်းပေးပို့မှုများကို ရွှေ့ဆိုင်းခြင်းများပြုလုပ်နေရပြီး ကုမ္ပဏီအချို့မှာမူ ကမ္ဘာ့ဈေးကွက်အတွင်း မရေရာမှုများဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် အော်ဒါအသစ်များကို ဆိုင်းငံ့ထားကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံသည် ဗီယက်နမ်ဆန်၏ အကြီးမားဆုံးဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေပြီး ၂၀၂၆ ခုနှစ်၏ ပထမလများအတွင်း ဗီယက်နမ်ဆန်တင်ပို့မှု စုစုပေါင်း၏ ၅၆ ရာခိုင်နှုန်းနီးပါး (တန်ချိန် ၇၁၁,၀၀၀ ခန့်)ကို ဝယ်ယူခဲ့သည်။ ၎င်းမှာ ဖိလစ်ပိုင်နိုင်ငံမှ ဆန်တင်သွင်းမှုများကို ပြန်လည် စတင်ခဲ့ပြီးနောက် ယခင်နှစ် အလားတူကာလထက် ၃၀ ရာခိုင်နှုန်းခန့် မြင့်တက်လာခြင်း ဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံသည် ဒုတိယနေရာတွင် ရပ်တည်နေပြီး တန်ချိန် ၁၇၈,၀၀၀ ခန့် တင်သွင်းခဲ့ သည်။ ၎င်းမှာ Tet ဟုခေါ်သော Lunar နှစ်ကူးပွဲတော်မတိုင်မီ ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ယခင်နှစ်ကာလတူထက် နှစ်ဆကျော်ပိုမိုများပြားလာခြင်းဖြစ်သည်။ မလေးရှားနှင့် ဩစတြေးလျကဲ့သို့သော အခြားဈေးကွက်များတွင်လည်း သိသာထင်ရှားသော တိုးတက်မှုများရှိခဲ့သော်လည်း အာဖရိကနိုင်ငံအချို့သို့ ဆန်တင်ပို့မှုမှာမူ ယခင်နှစ်က ဝယ်လိုအားထက် အဆမတန်မြင့်တက်ခဲ့ပြီး ယခုနှစ်တွင် ပြန်လည်ကျဆင်း သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_74202601:28

## အိန္ဒိယ၏ ဆန်လက်ကျန်များပြားမှုက ကမ္ဘာလုံးဆိုင်ရာ ဆန်စျေးနှုန်းများ တည်ငြိမ်မှုရရှိစေ

အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ထိုင်းဆန်တင်ပို့သူများသည် ကုန်ကျစရိတ် ၁၅ ရာခိုင်နှုန်းခန့် မြင့်တက်လာမှုနှင့် ရင်ဆိုင်နေရသော်လည်း အိန္ဒိယ၏ များပြားလှစွာသော ဆန်လက်ကျန်များကြောင့် ကမ္ဘာ့ဆန်စျေးနှုန်း အဆမတန်မြင့်တက်မလာစေရန် တားဆီးပေးထားသည်။

အရှေ့အလယ်ပိုင်းတွင် ပဋိပက္ခများအရှိန်မြင့်လာသော်လည်း ကမ္ဘာ့ဆန်စျေးနှုန်းများမှာမူ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေဆဲဖြစ်သည်။ သို့ဖြစ်ရာ ထိုင်းဆန်တင်ပို့သူများမှာ မြင့်တက်လာသော အထွေထွေကုန်ကျစရိတ်များနှင့် ကသောင်းကနင်းဖြစ်နေသော သင်္ဘောလမ်းကြောင်းများကြားတွင် အခက်တွေ့နေကြရသည်။ ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဖြစ်သူ Chookiat Ophaswongse က တောင်သူများနှင့် တင်ပို့သူများအတွက် ထုတ်လုပ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးစရိတ်များသည် အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုကဲ့သို့ တိုးမြင့်လာမှုသည် အဓိကအားဖြင့် ဒီဇယ်ဆီစျေးနှုန်း မြင့်တက်လာခြင်းကြောင့်ဖြစ်ပြီး ရိတ်သိမ်းမှုမှ သယ်ယူပို့ဆောင်မှုအထိ လုပ်ငန်းစဉ်အားလုံးကို သက်ရောက်မှုရှိစေသည်။ ထို့ပြင် ထုပ်ပိုးမှုကုန်ကျစရိတ်များလည်း မြင့်တက်လာပြီး ဥပမာအားဖြင့် Polypropylene အိတ်များ၏စျေးနှုန်းသည် တစ်အိတ်လျှင် ၈ ဘတ်မှ ၁၁ ဘတ် (ဒေါ်လာ သုည ဒသမ ၃၂) သို့ မြင့်တက်လာခဲ့သည်။

ပုံမှန်ဆိုလျှင် စစ်ပွဲဖြစ်နေချိန်အတွင်း ဆန်ကဲ့သို့ အခြေခံစားကုန်များသည် စျေးတက်ရမှာဖြစ်သော်လည်း အိန္ဒိယတွင် ဆန်လက်ကျန်အများအပြားရှိနေပြီး ကမ္ဘာ့စျေးကွက်တွင်လည်း လိုအပ်ချက်ထက် ပိုလျှံနေသောကြောင့် စျေးနှုန်းများတည်ငြိမ်နေကြောင်း ထိုင်းဆန်တင်ပို့သူများ အသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောကြားခဲ့သည်။

ထိုင်းဆန်နှင့် အိန္ဒိယဆန်ကြား စျေးနှုန်းကွာဟချက်မှာလည်း အဓိကအတားအဆီးတစ်ခုဖြစ်နေဆဲဖြစ်သည်။ ထိုင်းဘတ်ငွေတန်ဖိုးကျဆင်းမှုက ယှဉ်ပြိုင်နိုင်စွမ်း အနည်းငယ်တိုးစေသော်လည်း အိန္ဒိယတင်ပို့သူများက စျေးလျှော့ရောင်းခြင်းဖြင့် စျေးကွက်ကို ထိန်းချုပ်ထားဆဲဖြစ်သည်။ လက်ရှိတွင် ထိုင်းဆန်ဖြူ တစ်တန်လျှင် ၃၆၅ ဒေါ်လာ ပေါက်စျေးရှိပြီး အိန္ဒိယဆန်မှာမူ ၃၄၀ ဒေါ်လာမှ ၃၄၅ ဒေါ်လာ အတွင်းသာရှိသည်။

ထို့ပြင် ရောင်းသူများက လက်ကျန်ကုန်ပစ္စည်းများကို မြန်မြန်ရောင်းချလိုကြသဖြင့် အရှေ့အလယ်ပိုင်းသို့ ဦးတည်နေသည့် သို့မဟုတ် လမ်းခရီးတွင် ကြန့်ကြာနေသည့် အိန္ဒိယဆန် တန်ချိန် ၅ သိန်းခန့်အား စျေးနှုန်းများ ထပ်မံကျဆင်းစေရန် ပိုမိုဖိအားပေးလျက်ရှိပေသည်။ အရှေ့အလယ်ပိုင်းပဋိပက္ခသည် ထိုင်းနိုင်ငံ၏ အဓိကစျေးကွက်ဖြစ်သော အီရတ်နိုင်ငံ (တစ်နှစ်လျှင် တန်ချိန် ၁ သန်းခန့် တင်ပို့ရသည်)ကို ပြင်းထန်စွာ ရိုက်ခတ်ခဲ့သည်။ သင်္ဘောများ ဘေးကင်းစွာ ဆိုက်ကပ်နိုင်ခြင်းမရှိသဖြင့် ထိုဒေသသို့ ကုန်စည်ပို့ဆောင်မှုများ ရပ်တန့်လုနီးပါး ဖြစ်နေသည်။

သင်္ဘောဆိပ်ကမ်း၌ ရပ်နားထားမှု ကြာမြင့်သည့်အတွက် ထပ်ဆောင်းကုန်ကျစရိတ်များ၊ ဝန်ဆောင်ခများကြောင့် ဝယ်သူများအနေဖြင့် ကုန်စည်ပို့ဆောင်မှုကို ဆိုင်းငံ့ထားကြကြောင်း၊ အဆိုပါ အခက်အခဲများ ဆက်လက်ဖြစ်ပွားနေပါက ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်အတွက် ရည်မှန်းထားသော ဆန်တန်ချိန် ၇ သန်း တင်ပို့နိုင်ရေးပန်းတိုင်သို့ရောက်ရှိရန် ခက်ခဲနိုင်ကြောင်း ထိုင်းဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌက ထပ်မံပြောကြားခဲ့သည်။

ပို့ကုန်လုပ်ငန်းရှင်များက အစိုးရမှ လောင်စာဆီအတွက် ထောက်ပံ့ငွေပေးနိုင်ခြေမရှိနိုင်ကြောင်းကို သိရှိနားလည်ကြသော်လည်း ကုန်ကြမ်းစရိတ်များနှင့် ပတ်သက်၍ အစိုးရက ဝင်ရောက်ကူညီပေးရန် တောင်းဆိုနေကြသည်။ အထူးသဖြင့် ဆန်အိတ်ပြုလုပ်သည့် ပလတ်စတစ်စေ့များနှင့် ထုပ်ပိုးမှုကုန်ကျစရိတ်များအပေါ်တွင် ရှိရင်းစွဲကုန်ပစ္စည်းများကို ကိုင်ထားပြီး အခြေအနေကိုအခွင့်ကောင်းယူကာ စျေးတင်ရောင်းချခြင်းများမရှိစေရန် အာဏာပိုင်များအနေဖြင့် စောင့်ကြည့်စစ်ဆေးပေးစေလိုကြောင်း အသင်းကတိုက်တွန်းထားကြောင်းသိရသည်။

Source: Nation Thailand, 27 March 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ ၏ နိုင်ငံတကာစျေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),

Source: https://www.doca.gov.mm/my/node/64809

## ပဲစင်းငုံနှင့် မတ်ပဲ အကောက်ခွန်လွတ်တင်သွင်းခွင့် ၂၀၂၇ ခုနှစ် မတ်လအထိ အိန္ဒိယတိုးမြှင့်

အိန္ဒိယအစိုးရသည် ပြည်တွင်းဈေးကွက်ဝယ်လိုအားကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် အဓိကပဲ သုံးမျိုးဖြစ်သော ပဲစင်းငုံ၊ မတ်ပဲနှင့် စားတော်ပဲဝါတို့ကို တင်သွင်းခြင်းနှင့်စပ်လျဉ်းသည့် သွင်းကုန်မူဝါဒကို ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ နောက်ထပ်တစ်နှစ် သက်တမ်းတိုးမြှင့်ပေးလိုက်သည်။

အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်းမှ ဥက္ကဋ္ဌ Bimal Kothari က တင်သွင်းခွင့်မူဝါဒကို အစိုးရက နောက်ထပ်တစ်နှစ်သက်တမ်းတိုးမြှင့်ပေးခြင်းမှာ ကောင်းမွန်သည့်ဆုံးဖြတ်ချက်တစ်ရပ်ပင်ဖြစ်ပြီး ပဲမျိုးစုံ ကုန်သွယ်မှုလုပ်ငန်းနယ်ပယ်အတွက် ကာလရှည်၌ ရှုမြင်နိုင်စွမ်းကို အထောက်အပံ့ပြုမည်ဖြစ်ကြောင်း၊ ထိုသို့ သက်တမ်းတိုးမြှင့်မှုနှင့်အတူ ၂၀၂၆-၂၇ ခုနှစ်တွင် ပဲမျိုးစုံတင်သွင်းမှုသည် လက်ရှိနှစ်၏ ပမာဏနည်းတူ တန်ချိန် ၅ သန်းကို ကျော်လွန်ဖွယ်ရှိကြောင်း၊ ၂၀၂၅-၂၆ ဘဏ္ဍာနှစ်၌ ပဲမျိုးစုံ တင်သွင်းမှုသည် တန်ချိန် ၅ ဒသမ ၂၃ သန်းခန့်ရှိပြီး ၎င်း၏ရှေ့တစ်နှစ်တွင် တင်သွင်းခဲ့သော တန်ချိန် ၇ ဒသမ ၃ သန်းအောက်သို့ ကျဆင်း ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဌာန(DGFT)က သီးခြားစီထုတ်ပြန်သော အမိန့်ကြော်ငြာစာ များအရ ၂၀၂၇ ခုနှစ်မတ်လ ၃၁ ရက်နေ့အထိ ပဲစင်းငုံနှင့် မတ်ပဲတို့ကို အကောက်ခွန် ကင်းလွတ်လျက် ဆက်လက်တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း၊ စားတော်ပဲဝါ တင်သွင်းခွင့်နှင့်စပ်လျဉ်း၍ အနိမ့်ဆုံးသွင်းကုန်ဈေးနှုန်းသတ်မှတ်ချက်နှင့် တင်သွင်းရမည့်ဆိပ်ကမ်း ကန့်သတ်ချက်များထားရှိခြင်းမပြုဘဲ အင်တာနက် အွန်လိုင်းဖြင့် သွင်းကုန်စောင့်ကြပ်မှုစနစ်အောက်၌ မှတ်ပုံတင်ရန်စည်းကမ်းချက်ဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း၊ စားတော်ပဲဝါတင်သွင်းမှု အားလုံးအတွက် သင်္ဘောတင်ပို့မှု အသေးစိတ်စာရင်း (Bill of lading) ထုတ်ပေးသည့်နေ့ရက်သည် ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်နေ့ မတိုင်မီ သို့မဟုတ် ၎င်းနေ့ရက် နောက်ဆုံးထားရမည်ဖြစ်ကြောင်း သိရသည်။ စားတော်ပဲဝါ တင်သွင်းမှုအပေါ် အကောက်ခွန် ၃၀ ရာခိုင်နှုန်း ဆက်လက်စည်းကြပ်ကောက်ခံမည်ဖြစ်သည်။

မိုးရေချိန်ရရှိမှု ပုံမှန်ထက်လျော့နည်းခြင်းကြောင့် မိုးသီးနှံ ပဲမျိုးစုံစိုက်ပျိုးမှုအပေါ် ထိခိုက်စေနိုင် သည့် အယ်လ်နီညို (El Nino) ရာသီဥတုဖြစ်စဉ် ပေါ်ပေါက်မည့်အရေး စိုးရိမ်မှုများရှိနေချိန်၌ လက်ရှိ ပဲတင်သွင်းခွင့်မူဝါဒကို မပြောင်းလဲဘဲထားရှိခြင်းဖြင့် ပဲမျိုးစုံကုန်သွယ်မှုကို ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ရဖွယ်ရှိသည်။ ထို့ပြင် အနောက်အာရှဒေသ၌ စစ်ပွဲဆက်လက်ဖြစ်ပွားနေခြင်းကလည်း ကုန်စည်ထောက်ပံ့မှုကွင်းဆက်ကို အနှောင့်အယှက်ဖြစ်စေပြီး ကုန်စည်ပို့ဆောင်စရိတ်နှင့် အာမခံကြေးများကို မြင့်တက်စေလျက်ရှိရာ ပဲမျိုးစုံတင်သွင်းမှုမှာလည်း မြင့်တက်လာဖွယ်ရှိသည်။

၂၀၂၅-၂၆ ခုနှစ်အတွင်း ပြည်တွင်း၌ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုကျဆင်းခဲ့ခြင်းကလည်း အကောက်ခွန်လွတ်တင်သွင်းခွင့်ပြုသည့်ကာလကို အစိုးရက တိုးမြှင့်ပေးစေရန် အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ အစိုးရ၏ ၂၀၂၅-၂၆ သီးနှံစိုက်ပျိုးရေးနှစ်အတွက် ဒုတိယအကြိမ် ကြိုတင်ခန့်မှန်းချက်အရ ပဲစင်းငုံ ထွက်ရှိမှုသည် ယခင်နှစ်ထုတ်လုပ်မှု တန်ချိန် ၃၆ ဒသမ ၂၄ သိန်းအောက် ၄ ဒသမ ၆၆ ရာခိုင်နှုန်း လျော့နည်းလျက် တန်ချိန် ၃၄ ဒသမ ၅၅ သိန်းခန့်လည်းကောင်း၊ မိုးသီးနှံ မတ်ပဲထွက်ရှိမှုသည် ယခင်နှစ်ထုတ်လုပ်မှု တန်ချိန် ၁၃ ဒသမ ၄၁ သိန်းအောက် ၁၀ ဒသမ ၇ ရာခိုင်နှုန်းလျော့နည်းပြီး တန်ချိန် ၁၂ ဒသမ ၀၆ သိန်းခန့်လည်းကောင်း၊ ဆောင်းသီးနှံ မတ်ပဲထွက်ရှိမှုသည် ယခင်နှစ်ထုတ်လုပ်မှု တန်ချိန် ၅ ဒသမ ၅၃ သိန်းအောက် ၈ ဒသမ ၁၄ ရာခိုင်နှုန်းလျော့နည်းလျက် တန်ချိန် ၅ ဒသမ ၀၈ သိန်းခန့်လည်းကောင်း အသီးသီးရှိနိုင်သည်။

ပဲစင်းငုံနှင့် မတ်ပဲတို့ကို အကောက်ခွန်ကင်းလွတ်လျက် တင်သွင်းပြုထားချိန်တွင် ကုလားပဲနှင့် ပဲနီလေးတို့ တင်သွင်းမှုအပေါ် အကောက်ခွန် ၁၀ ရာခိုင်နှုန်း စည်းကြပ်မည်ဖြစ်သည်။ မတ်ပဲ၊ ကုလားပဲနှင့် ပဲစင်းငုံတို့ တင်သွင်းမှု တိုးတက်သော်လည်း စားတော်ပဲဝါတင်သွင်းမှု ကျဆင်းခဲ့သဖြင့် ပြက္ခဒိန်နှစ်အလိုက် အိန္ဒိယ၏ ပဲမျိုးစုံတင်သွင်းမှုမှာ ၂၀၂၄ ခုနှစ်၌ တန်ချိန် ၆၈ ဒသမ ၇၅ သိန်းရှိရာမှ ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၆၅ ဒသမ ၆၉ သိန်းသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

Source: The Hindu Business Line, 31 March 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),Source: https://www.doca.gov.mm/my/node/64810

## အိန္ဒိယလွှတ်တော်ကော်မတီက ဆီထွက်သီးနှံနှင့် ပဲမျိုးစုံအတွက် ၁၀၀ ရာခိုင်နှုန်း MSP ဖြင့် ဝယ်ယူရန် တောင်းဆို

အိန္ဒိယ စိုက်ပျိုးရေးဆိုင်ရာ လွှတ်တော်အမြဲတမ်းကော်မတီသည် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံတို့၏ သွင်းကုန်ကုန်ကျစရိတ်ကို လျှော့ချနိုင်ရန်အတွက် အခြေခံအနိမ့်ဆုံးရည်ညွှန်းဈေး (Minimum Support Price - MSP) ဖြင့် အစိုးရမှ ဝယ်ယူမှုကိုလက်ရှိ ၂၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဝယ်ယူရန် တိုက်တွန်းလိုက်သည်။ ၎င်းအပြင် ပြည်တွင်းတောင်သူများကို

ဈေးနှုန်းအတက်အကျဒဏ်မှ ကာကွယ်ရန် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းတစ်တန်လျှင် ဒေါ်လာ ၈၀၀ အောက် ကျဆင်းပါက ၂၀ ရာခိုင်နှုန်း အကာအကွယ်ခွန် (Safeguard Duty) စည်းကြပ်ခြင်းအပါအဝင် ပြောင်းလဲနိုင်သော သွင်းကုန်ခွန်ယန္တရားတစ်ခု ကျင့်သုံးရန်လည်း အကြံပြုထားသည်။

ထို့ပြင် ကော်မတီသည် ရာသီဥတုဒဏ်ခံနိုင်သော၊ အထွက်နှုန်းကောင်းသော၊ ပိုးမွှားဒဏ်ခံနိုင်သော သီးနှံမျိုးစိတ်သစ်များထုတ်လုပ်နိုင်ရန်နှင့် Marker-Assisted Selection(MAS)ကဲ့သို့သော ခေတ်မီနည်းပညာများတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် တောင်းဆိုခဲ့သည်။ လက်ရှိတွင် လိုအပ်နေသော မျိုးရိုးဗီဇပြုပြင်ထားသည့် အစားအစာများ (GM foods)ကို ထိန်းကျောင်းရန်နှင့် ယင်းတို့ အလွန်အကျွံပြန့်နှံ့လာမှုကို စစ်ဆေးရန် ပိုမိုခိုင်မာသော စည်းမျဉ်းစည်းကမ်း ယန္တရားတစ်ခု ဖော်ဆောင်ရန်လည်း တိုက်တွန်းထားသည်။

၂၀၂၆ ခုနှစ် မတ်လ၂၇ ရက်နေ့က လွှတ်တော်သို့ တင်သွင်းခဲ့သော ၎င်းကော်မတီ၏ ၃၃ ကြိမ်မြောက် အစီရင်ခံစာတွင် အိန္ဒိယနိုင်ငံသည် စားသုံးဆီလိုအပ်ချက်၏ ၅၆ ရာခိုင်နှုန်းခန့်နှင့် ပဲတန်ချိန် ၂ ဒသမ ၁၃ သန်းကို ပြည်ပမှတင်သွင်းနေရဆဲဖြစ်ကြောင်း၊ ၎င်းသည် တောင်သူများကို ကမ္ဘာ့ဈေးနှုန်းမတည်ငြိမ်မှုဒဏ် ခံရစေပြီး နိုင်ငံခြားငွေ အရန်သီးသန့်အပေါ်တွင်လည်း ဖိအားဖြစ်စေကြောင်း၊ ၎င်းကိုဖြေရှင်းရန်အတွက် ကော်မတီက PM-AASHA စီမံကိန်းအောက်တွင် ဆီထွက်သီးနှံထုတ်လုပ်မှု ၁၀၀ ရာခိုင်နှုန်းအထိ ဝယ်ယူရန် နှင့် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲနီလေး စသည့် အဓိက ပဲမျိုးစုံကို စိုက်ပျိုးသည့် ပြည်နယ်အားလုံးတွင် အပြည့်အဝ ဝယ်ယူရန် အကြံပြုထားသည်။

ဝေးလံခေါင်ဖျားသော ဒေသများတွင် ဝယ်ယူရေးစင်တာများ ပိုမိုဖွင့်လှစ်ရန်၊ ဒစ်ဂျစ်တယ်ပေါ်တယ်တစ်ခု ဖော်ဆောင်ရန်နှင့် တောင်သူများအတွက် ၂၄ နာရီ ဝန်ဆောင်မှုပေးမည့် အကူအညီပေးရေး ဖုန်းလိုင်းများထားရှိရန်လည်း အကြံပြုထားသည်။ အထွက်နှုန်းနည်းပါးခြင်းသည် အဓိကအတားအဆီးဖြစ်ကြောင်း အလေးပေးဖော်ပြကာ ကော်မတီက ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန် တောင်းဆိုထားသည်။ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး အထွက်နှုန်းကောင်းသော မျိုးစိတ်များ ထုတ်လုပ်နိုင်ရန် CRISPR နှင့် Marker-Assisted Selection ကဲ့သို့သော အဆင့်မြင့်မျိုးစေ့ နည်းပညာများတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် တိုက်တွန်းထားသည်။ အိန္ဒိယစိုက်ပျိုးရေး သုတေသနကောင်စီ (ICAR) အနေဖြင့် ဒေသအလိုက် ကိုက်ညီသော မျိုးစေ့များကို ၂၀၂၈ ခုနှစ်တွင် ထုတ်ပြန်ပေးရန်နှင့် မျိုးစေ့လဲလှယ်နှုန်း ပိုမိုမြင့်မားလာစေရန် ၂၀၃၀ ပြည့်နှစ်တွင် ခရိုင်တိုင်း၌ မျိုးစေ့ဗဟိုဌာန (Seed Hubs) များတည်ထောင်ရန် အကြံပြုထားသည်။

လက်ရှိအသုံးပြုနေသော SATHI Portal ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျိုးစေ့ထောက်ပံ့မှု ကွင်းဆက်တစ်ခုလုံးကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ချိတ်ဆက်နိုင်ရန်၊ QR Code များမှတစ်ဆင့် မူရင်းဇစ်မြစ်ကို ပြန်လည်ခြေရာခံနိုင်ရန်နှင့် အစိုးရထောက်ပံ့ကြေးများလေလွင့်ဆုံးရှုံးမှုကိုလျှော့ချနိုင်ရန်အတွက် ဘက်စုံသုံး "National Seed Grid" အဖြစ်ပြောင်းလဲရန်အဆိုပြုထားသည်။

တောင်သူများကို အကာအကွယ်ပေးရန် ရည်ရွယ်သည့် လုပ်ဆောင်ချက်အဖြစ် မျိုးစေ့ဈေးနှုန်းများကို ကန့်သတ်ရန်နှင့် မျိုးစေ့တု၊မျိုးစေ့ညံ့များကြောင့် ထိခိုက်မှုရှိပါကလျော်ကြေးရရှိစေရန်အတွက်အမျိုးသားအဆင့်စည်းမျဉ်းစည်းကမ်းထိန်းကျောင်းရေးအဖွဲ့တစ်ခုဖွဲ့စည်းရန် အကြံပြုထားသည်။ ကော်မတီသည် ၁၉၆၆ ခုနှစ် မျိုးစေ့အက်ဥပဒေကို အစားထိုး၍မှတ်ပုံတင်ခြင်း၊ အသိအမှတ်ပြုလက်မှတ်ရယူခြင်းတို့ကို မဖြစ်မနေလုပ်ဆောင်ရမည့်အပြင် ပြစ်ဒဏ်များကို ပိုမိုတင်းကျပ်ထားသည့် ခေတ်မီဥပဒေတစ်ခုဖြင့် အမြန်ဆုံး အစားထိုးရန် အလေးပေးပြောကြားခဲ့သည်။

ဒေသအလိုက် မမျှတမှုများကို ဖြေရှင်းရန်အတွက် ၂၀၂၈ ခုနှစ်တွင် အရှေ့ပိုင်းနှင့် မြောက်အရှေ့ပိုင်းပြည်နယ်များ၌ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုဇုန်များ (Clusters) ဖော်ဆောင်ရန်နှင့် "တစ်စက်ချင်းစီမှ သီးနှံပိုမိုရရှိရေး" (Per Drop More Crop) စီမံကိန်းအောက်တွင် ရေသွင်းစိုက်ပျိုးမှုကို တိုးချဲ့ရန်၊ မိုးရေကိုသာအားကိုးရသောဒေသများတွင် စွန့်စားရမှုကိုလျှော့ချရန်အတွက် အသေးစားရေသွင်းစနစ်၊ စိုက်ပျိုးရေးသုံးရေကန်များနှင့် IoT အခြေခံ ရေစီမံခန့်ခွဲမှု စနစ်များကို အသုံးပြုရန်လည်း အလေးပေးဖော်ပြထားသည်။ တောင်သူများ၏ ဝင်ငွေတိုးတက်စေရန်အတွက် တောင်သူထုတ်လုပ်ရေးအဖွဲ့အစည်းများ (FPOs)ကို အားကောင်းစေရန်၊ ကုန်ချောထုတ်လုပ်သည့်စက်ရုံများ တည်ထောင်ရန်နှင့် 'Bharat Dal' ကဲ့သို့သော အမှတ်တံဆိပ်ဖြင့် ရောင်းချသည့်လုပ်ငန်းများကို တိုးချဲ့ရန် အကြံပြုထားပြီး၊ သင့်တင့်သောဈေးနှုန်းဖြင့် စားသုံးဆီများရရှိနိုင်ရန် 'Bharat Oil' အမှတ်တံဆိပ် အသစ်ကိုလည်း အဆိုပြုထားကြောင်း သိရသည်။ Source: Business Standard, 30 March 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/64813

## အင်ဒိုနီးရှားနိုင်ငံက B50 အစီအစဉ်အတွက် စားအုန်းဆီကြမ်းတန်ချိန် ၃ ဒသမ ၅ သန်း ပြင်ဆင်ထား

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် စတင်မည့် မဖြစ်မနေလိုက်နာရမည့် Biodiesel 50 (B50) အစီအစဉ်ကို အထောက်အပံ့ပေးရန်အတွက် စားအုန်းဆီကြမ်း (CPO) တန်ချိန် ၃ ဒသမ ၅ သန်းတန် ပြင်ဆင်ထားကြောင်း စိုက်ပျိုးရေးဝန်ကြီး Andi Amran Sulaiman က ပြောကြားခဲ့သည်။ "စွမ်းအင်လုံခြုံစိတ်ချရမှုရရှိစေဖို့ဆိုတဲ့ သမ္မတရဲ့ လမ်းညွှန်ချက်အရ ကျွန်တော်တို့ဆီက အုန်းဆီကြမ်း တန်ချိန် ၅ ဒသမ ၃ သန်းကို ဇီဝလောင်စာ (Biofuel) အဖြစ် ပြောင်းလဲမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

အဆိုပါမူဝါဒသည် ပြည်တွင်းလိုအပ်ချက်များကို ရေရှည်တည်တံ့အောင် ဖြည့်ဆည်းပေးနိုင်သကဲ့သို့ အပင်အခြေခံ စွမ်းအင်ထုတ်လုပ်မှုကို မြှင့်တင်ပေးသည့် B50 အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် လက်ရှိတွင် ကမ္ဘာ့စားအုန်းဆီကြမ်းဈေးကွက်၏ ၆၀ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်ထားပြီး အစိုးရအနေဖြင့် ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းအသုံးပြုမှုတို့အကြား မျှတအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကြမ်း ပြည်ပတင်ပို့မှုသည် တန်ချိန် ၂၆ သန်းမှ ၃၂ သန်းအထိ တိုးတက်လာခဲ့ပြီး ၎င်းအနက် တန်ချိန် ၃ ဒသမ ၅ သန်းကို B50 စီမံချက်အတွက် အထူးသီးသန့် သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့ဈေးကွက်တွင် ဈေးနှုန်းမြင့်တက်လာမှုကြောင့် တောင်သူများအနေဖြင့် ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ရန် တွန်းအားဖြစ်စေခဲ့ရာ စားအုန်းဆီကြမ်း ထုတ်လုပ်မှုမှာ တန်ချိန် ၆ သန်းခန့်အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ စုစုပေါင်းထုတ်လုပ်မှု မြင့်တက်လာခြင်းကြောင့် ဇီဝလောင်စာအတွက် ခွဲတမ်းချထားမှုသည် ပြည်ပတင်ပို့မှုအပေါ် အနှောင့်အယှက်ဖြစ်စေမည်မဟုတ်ကြောင်း ဝန်ကြီး Sulaiman က ပြောကြားခဲ့သည်။ ၎င်းက "B50 အစီအစဉ်ကို ဒီနှစ်အတွင်းမှာ အောင်မြင်အောင်ဆောင်ရွက်မှာဖြစ်ပြီး စွမ်းအင်နဲ့သယံဇာတဝန်ကြီး Bahlil Lahadalia နဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ထပ်မံ ပြောကြားခဲ့သည်။

၎င်းမူဝါဒသည် စွမ်းအင်လုံခြုံမှုကိုခိုင်မာစေပြီး တောင်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်မည့်အပြင် အုန်းဆီထုတ်လုပ်သည့်ဒေသများ၏ စီးပွားရေးလုပ်ငန်းများကိုလည်း အားကောင်းလာစေမည်ဖြစ်ကြောင်း သိရသည်။ စားအုန်းဆီကြမ်းကို ဇီဝလောင်စာအတွက် အသုံးပြုခြင်းက ကမ္ဘာ့ဈေးကွက်တွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နေသည့် အင်ဒိုနီးရှားနိုင်ငံ၏ ရပ်တည်ချက်ကို ပိုမိုခိုင်မာစေမည်ဟု ဝန်ကြီးက ယုံကြည်မှုရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ဟု သိရသည်။

ယခင်ကလည်း စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီး Airlangga Hartarto က B50 မူဝါဒသည် အစိုးရ၏ ထောက်ပံ့ကြေးငွေ ရူပီး ၄၈ ထရီလီယံကို သက်သာစေမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ စားအုန်းဆီ ၅၀ ရာခိုင်နှုန်းနှင့် ဒီဇယ်လောင်စာ ၅၀ ရာခိုင်နှုန်း ပေါင်းစပ်အသုံးပြုမည့် အစီအစဉ်သည် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။ Source: https://www.doca.gov.mm/my/node/64966

## စားအုန်းဆီအကြမ်း ပြည်ပတင်ပို့မှု ထိန်းချုပ်ရေးကို တင်းကျပ်တော့မည့် ထိုင်းနိုင်ငံ

စွမ်းအင်ကဏ္ဍနှင့် ပြည်ပတင်ပို့မှုလိုအပ်ချက် မြင့်တက်နေချိန်တွင် ပြည်တွင်းရိက္ခာဖူလုံမှုကို ကာကွယ်ရန်အတွက် ထိုင်းနိုင်ငံသည် စားအုန်းဆီအကြမ်း ပြည်ပတင်ပို့မှုကို ဧပြီလ ၇ ရက်နေ့မှစ၍ တင်းကျပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအစီအမံကို ကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာဈေးနှုန်းဇဟိုကော်မတီ၏ ၂၀၂၆ ခုနှစ် ကြေညာချက်အမှတ် ၁ အဖြစ် တော်ဝင်ဂေဇက် (Royal Gazette) တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ အကြောင်းကြားစာအရ မည်သူမဆို ဧပြီလ ၇ ရက်နေ့မှစ၍ ကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာဈေးနှုန်းဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးထံမှ ကြိုတင်စာသားဖြင့် ခွင့်ပြုချက်မရရှိဘဲ စားအုန်းဆီအကြမ်း (CPO)ကို ပြည်ပသို့ တင်ပို့ခြင်းပြုနိုင်မည်မဟုတ်ကြောင်း သိရသည်။ ခွင့်ပြုချက်လျှောက်ထားလွှာများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနရှိ ဗဟိုကော်မတီရုံးသို့ တင်ပြရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါထိန်းချုပ်မှု အစီအမံသည် ကြေညာချက် ထုတ်ပြန်ပြီး နောက်တစ်ရက်မှစ၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်နှစ်ကြာ အကျုံးဝင်မည်ဖြစ်ကြောင်းနှင့် အကယ်၍ အကြောင်းကြားစာအသစ် စောစီးစွာထွက်ပေါ်လာခြင်းမရှိပါက ဤအတိုင်း အတည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ခွင့်ပြုချက်ရရှိသော တင်ပို့သူများသည် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် အမျိုးအစား၊ အရေအတွက်၊ အချိန်ကာလနှင့် ဦးတည်ရာနိုင်ငံအတိုင်းသာ တင်ပို့ရမည်ဖြစ်ပြီး၊ တင်ပို့မှုတိုင်းတွင် ခွင့်ပြုမိန့်ပါရှိရမည်ဖြစ်ကြောင်းနှင့် ခွင့်ပြုမိန့်တစ်ခုလျှင် တစ်ကြိမ်သာ တင်ပို့ရန်အသုံးပြုနိုင်ကြောင်း သိရသည်။ ထိုသတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်သည့် မည်သည့်တင်ပို့မှုမဆို ခွင့်ပြုချက်မရှိဘဲ တင်ပို့မှုအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများ ဆက်လက်မြင့်တက်နေကြောင်း မတ်လ ၂၅ ရက်နေ့က ဆုံးဖြတ်ချက်ချပြီးနောက် ယခုကဲ့သို့ အရေးယူဆောင်ရွက်ခြင်းဖြစ်သည်ဟု ကော်မတီက ပြောကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် စွမ်းအင်ကဏ္ဍ၌ ဒီဇယ်တွင် ဘိုင်အိုဒီဇယ် ရောစပ်မှုနှုန်းမြှင့်တင်ရန် မျှော်မှန်းထားသကဲ့သို့ ထိုင်းစားအုန်းဆီအကြမ်းကို ပြည်ပမှဝယ်ယူလိုသည့် အဝယ်လိုက်မှုလည်း မြင့်တက်နေခြင်းက ပြည်တွင်း၌ CPO လိုအပ်ချက် ပိုမိုအားကောင်းလာစေမည့် အလားအလာဖြစ်ပေါ်နေကြောင်း သိရသည်။ အဆိုပါ လုပ်ဆောင်ခြင်း၏ ရည်ရွယ်ချက်မှာ စားအုန်းဆီအကြမ်းပမာဏကို ဈေးကွက်အခြေအနေနှင့်အညီ စီမံခန့်ခွဲရန်နှင့် စားသုံးမှု၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍတို့အကြား မျှခြေကိုထိန်းသိမ်းရန် ဖြစ်ပြီး၊ တစ်နှစ်ပတ်လုံး ပြည်တွင်းအသုံးပြုရန်အတွက် လုံလောက်သော ရိက္ခာရှိနေစေရန် အာမခံချက်ပေးနိုင်ရန် ဖြစ်ကြောင်း သိရသည်။ အဆိုပါကြေညာချက်ကို ကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာ ဈေးနှုန်းဗဟိုကော်မတီ ဥက္ကဋ္ဌ တာဝန်ဖြင့် လက်ရှိ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဖြစ်သူ Suphajee Suthumpun က မတ်လ ၂၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Source: https://www.doca.gov.mm/my/node/64891

## စားအုန်းဆီကြမ်းတင်ပို့မှုနှင့် ဘူးသွင်းဆီဈေးနှုန်းကို ထိုင်းအစိုးရ ထိန်းချုပ်

အရှေ့အလယ်ပိုင်းပဋိပက္ခများဖြစ်ပွားခြင်းမှတစ်ဆင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းမြင့်တက်ပြီး ဇီဝလောင်စာဆီလိုအပ်ချက်များ မြင့်တက်လာခြင်းကြောင့် စားအုန်းဆီကြမ်းတင်ပို့မှုနှင့် ဘူးသွင်းဆီဈေးနှုန်းတို့ကို ဧပြီလ ၇ ရက်နေ့မှစတင်၍ ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဧပြီလ ၆ ရက်နေ့ (တနင်္လာနေ့)တွင် ပြောကြားခဲ့သည်။

အဆိုပါဆောင်ရွက်ချက်များသည် အရန်စွမ်းအင်လက်ကျန်ရှိစေရေးထိန်းသိမ်းခြင်းများပါဝင်ပြီး တောင်သူလယ်သမားများအပေါ်ထိခိုက်မှုရှိစေခြင်းမဟုတ်ဘဲ ၎င်းတို့အား အစိုးရကဆက်လက် အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားခဲ့သည်။ စိုက်ပျိုးရေး စီးပွားရေးရုံး (Office of Agricultural Economics)၏ ဖော်ပြချက်အရ ကမ္ဘာ့တတိယ အကြီးဆုံး စားအုန်းဆီ ထုတ်လုပ်သည့် ထိုင်းနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် စားအုန်းဆီအသီးခိုင် တန်ချိန် ၂၁ ဒသမ ၈၇ သန်းနှင့် စားအုန်းဆီကြမ်း တန်ချိန် ၃ ဒသမ ၉၄ သန်း ထုတ်လုပ်နိုင်မည်ဟု သိရသည်။

တော်ဝင်အစိုးရပြန်တမ်း (Royal Gazette) က တနင်္ဂနွေနေ့မှာ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာတွင် ထိုင်းနိုင်ငံသည် စားအုန်းဆီကြမ်းတင်ပို့မှုအပေါ်ထိန်းချုပ်မှုများတင်းကျပ်သွားမည်ဖြစ်ပြီး တင်ပို့သူများအနေဖြင့် ပြည်ပသို့မတင်ပို့မီ အစိုးရ၏ ခွင့်ပြုချက်ရယူရန် လိုအပ်ကြောင်း ဖော်ပြထားသည်။ အဆိုပါ သတ်မှတ်ချက်သည် အင်္ဂါနေ့မှစတင်၍ သက်ရောက်မည်ဖြစ်ပြီး တစ်နှစ်ကြာသက်တမ်းတည်ရှိမည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဧပြီလ ၃ ရက်နေ့ရက်စွဲဖြင့် လက်မှတ်ရေးထိုးထားသော ဤအမိန့်အရ တင်ပို့သူများသည် တင်ပို့မည့်နိုင်ငံ၊ တင်ပို့မည့်ပမာဏနှင့် ရောင်းချမည့်ဈေးနှုန်းစသည့် အသေးစိတ် အချက်အလက်များကို တင်ပြသွားရ မည်ဖြစ်ကြောင်း သိရသည်။

Source: The Business Times, 6 April 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/65026

## အိန္ဒိယနိုင်ငံတွင် သကြားနှင့် စားအုန်းဆီ ဝယ်လိုအား ကျဆင်းလာ

ကမ္ဘာ့အကြီးဆုံး ဈေးကွက်ဖြစ်သည့် အိန္ဒိယနိုင်ငံတွင် စီးပွားရေးသုံး ဂက်စ်အိုးများ ပြတ်လပ်မှုကြောင့် နွေရာသီအားလပ်ရက်အတွင်း စားသောက်ဆိုင်များမှာ လုပ်ငန်းများကို လျှော့ချလုပ်ကိုင်လာရသဖြင့် သကြားနှင့် စားသုံးဆီ စားသုံးမှုနှုန်း ကျဆင်းလျက်ရှိကြောင်း သိရသည်။ ယခုကဲ့သို့ စားသုံးမှုလျော့နည်းလာခြင်းက အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ တင်သွင်းသည့် စားအုန်းဆီအပြင် အာဂျင်တီးနား၊ ဘရာဇီး၊ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့မှ တင်သွင်းသည့် ပဲပုပ်ဆီနှင့် နေကြာဆီ အပါအဝင် အိန္ဒိယ၏ စားသုံးဆီတင်သွင်းမှုများကိုပါ လျော့ကျသွားစေနိုင်ကြောင်း သိရသည်။ "လမ်းဘေးဆိုင်လေးတွေနဲ့

စားသောက်ဆိုင်တွေဟာ ဂက်စ်ပြတ်လပ်တဲ့ အခက်အခဲနဲ့ရင်ဆိုင်နေရပြီး အဲဒါက စားသုံးဆီသုံးစွဲမှုကို လျော့ကျစေပါတယ်" ဟု အိန္ဒိယစားသုံးဆီထုတ်လုပ်သူများအသင်း(SEA)၏ အမှုဆောင်ဒါရိုက်တာ B.V. Mehta က ပြောကြားခဲ့သည်။ ထို့ပြင်ပြီးခဲ့သည့် မတ်လအတွင်း အိန္ဒိယ၏ စားသုံးဆီတင်သွင်းမှုသည် ယခင်လထက် ၉ ရာခိုင်နှုန်း ခန့်ကျဆင်းခဲ့ပြီး တန်ချိန် ၁ ဒသမ ၂ သန်းသာ ရှိတော့ကြောင်း သိရသည်။

ကမ္ဘာ့ဒုတိယအကြီးဆုံး ရည်ညွှန်းရေနံဓာတ်ငွေ့ (LPG) တင်သွင်းသည့် အိန္ဒိယနိုင်ငံသည် ဆယ်စုနှစ်များစွာအတွင်း အဆိုးရွားဆုံး ဂက်စ်ပြတ်လပ်မှုဒဏ်ကို ရင်ဆိုင်နေရပြီး အစိုးရအနေဖြင့် အိမ်ထောင်စုများတွင် မပြတ်လပ်စေရန် စက်မှုလုပ်ငန်းများသို့ ပေးဝေသည့် ဂက်စ်ခွဲတမ်းများကို လျှော့ချထားရကြောင်း သိရသည်။

အိန္ဒိယသည် ပြီးခဲ့သည့်နှစ်က ချက်ပြုတ်ရန်အတွက် LPG တန်ချိန် ၃၃ ဒသမ ၁၅ သန်း သုံးစွဲခဲ့ပြီး လိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းခန့်ကို ပြည်ပမှတင်သွင်းခဲ့ရကြောင်းသည်။ အဆိုပါ တင်သွင်းမှု၏ ၉၀ ရာခိုင်နှုန်းခန့်မှာ အရှေ့အလယ်ပိုင်းနိုင်ငံများမှ ဖြစ်သည်။ အမျိုးသားသမဝါယမသကြားစက်ရုံများအဖွဲ့ချုပ် (NFCSF)မှ အဆင့်မြင့်အရာရှိတစ်ဦး၏ ပြောကြားချက်အရ ပုံမှန်အားဖြင့် နွေရာသီတွင် မြင့်တက်လေ့ရှိသော သကြားဝယ်လိုအားမှာလည်း ဂက်စ်ပြတ်လပ်မှုကြောင့် ထိခိုက်မှုရှိနေကြောင်း သိရသည်။ Source: https://www.doca.gov.mm/my/node/64967

## ထိုင်းနိုင်ငံရှိ သကြားဈေးနှုန်းများ မြင့်တက်လာနိုင်

ကုန်ထုတ်လုပ်မှုစရိတ်နှင့် သယ်ယူပို့ဆောင်ရေးစရိတ်များ၊ အထူးသဖြင့် ပလတ်စတစ်ထုပ်ပိုးမှုနှင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် လာမည့်မေလမှစတင်ကာ သကြားလက်လီဈေးနှုန်းများ မြင့်တက်လာတော့မည်ဖြစ်ကြောင်း ထိုင်းသကြားစက်ပိုင်ရှင်များ ကော်ပိုရေးရှင်း (TSMC) က ပြောကြားလိုက်သည်။

ကမ္ဘာ့စီးပွားရေးဖိအားများနှင့် စွမ်းအင်ဈေးကွက်မတည်ငြိမ်မှုများကြောင့် ကုန်ကျစရိတ်များ မြင့်တက်နေသော်လည်း ပြည်သူများ၏ စားဝတ်နေရေးဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးရန်အတွက် ဧပြီလတစ်လလုံးတွင် သကြားဈေးနှုန်းကိုမတိုးဘဲ ထိန်းထားပေးမည်ဟု TSMC က အတည်ပြုခဲ့ကြောင်း သိရသည်။

TSMC ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ Dr. Somchai Harnhirun ၏ ပြောကြားချက်အရ ကမ္ဘာ့ပလတ်စတစ်ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် သကြားထုပ်ပိုးရာတွင်သုံးသည့် အိတ်ခွံဈေးနှုန်းများမှာ ပျမ်းမျှအားဖြင့် ၄၀ ရာခိုင်နှုန်းခန့် မြင့်တက်သွားသည်။ စက်သုံးဆီဈေးနှုန်းများ ဆက်တိုက် မြင့်မားနေခြင်းကြောင့် ဂိုဒေါင်များသို့ ပို့ဆောင်ခြင်းနှင့် တစ်နိုင်ငံလုံးရှိ လက်လီဆိုင်များသို့ ဖြန့်ဖြူးခြင်း လုပ်ငန်းများတွင် သယ်ယူစရိတ်များ ပိုမိုကုန်ကျလျက်ရှိသည်။

လုပ်ငန်းရှင်များသည် မြင့်တက်လာသော စရိတ်များကို တစ်လကျော်ကြာ ကိုယ်တိုင်အရှုံးခံ ထိန်းညှိပေးခဲ့သော်လည်း ရေရှည်တွင်လုပ်ငန်းလည်ပတ်မှုတည်ငြိမ်စေရန်အတွက် မေလ ၂၀၂၆ မှစ၍ ဈေးနှုန်းကိုပြန်လည်ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အိမ်ထောင်စုများ တိုက်ရိုက်ဝယ်ယူသည့် လက်လီဈေးနှုန်းကိုသာ မြှင့်တင်မည်ဖြစ်သည်။ အစားအသောက်၊ အချိုရည်နှင့် ဆေးဝါးထုတ်လုပ်သည့်စက်မှုလုပ်ငန်းများသို့ရောင်းချသည့်ဈေးနှုန်းကိုမူ ယခုအကြိမ်တွင်တိုးမြှင့်မည်မဟုတ်ကြောင်း သိရသည်။

ဤသို့ခွဲခြားသတ်မှတ်ခြင်းမှာ သကြားကို ကုန်ကြမ်းအဖြစ်သုံးသော အခြားလူသုံးကုန်ပစ္စည်းများ ဈေးနှုန်းလိုက်မတက်စေရန်နှင့် စီးပွားရေးဟန်ချက်ညီစေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု Dr. Somchai ကဆိုသည်။ လက်ရှိတွင် ထိုင်းနိုင်ငံ၌ တစ်နှစ်လျှင် သကြားတန်ချိန် ၁၁ ဒသမ ၈ သန်းခန့် ထုတ်လုပ်နိုင်ပြီး ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၂ ဒသမ ၃၅ သန်းခန့်ရှိကြောင်း သိရသည်။ TSMC အနေဖြင့် ကမ္ဘာ့စီးပွားရေး အခြေအနေနှင့် ကုန်ထုတ်လုပ်မှုစရိတ်များကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ပြီး ဈေးကွက်ယန္တရားနှင့်အညီ အကောင်းဆုံးဖြစ်အောင် ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ထားကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/65070

## ဈေးနှုန်းပြန်လည်မြင့်တက်ခြင်းနှင့် အယ်နီညိုရာသီဥတုခန့်မှန်းချက်ကြောင့် ၂၀၂၆ ခုနှစ်တွင် အိန္ဒိယ၏ ဝါ စိုက်ဧရိယာတိုးလာနိုင်

အိန္ဒိယနိုင်ငံတွင် ၂၀၂၆ ခုနှစ် မိုးရာသီကာလတွင် ဝါစိုက်ကေပမာဏသည် ယခင်ထက် ၅ ပုံ ၁ ပုံ ထိ တိုးလာနိုင်ဖွယ်ရှိကြောင်း၊ အကြောင်းရင်းမှာ ပြည်တွင်းဈေးနှုန်းများ ပြန်လည်မြင့်တက်လာခြင်း၊ ဝါသီးနှံအား ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားတိုးလာခြင်းနှင့် အယ်နီညိုရာသီဥတုအခြေအနေ ဖြစ်ပေါ်လာနိုင်မှုကြောင့် မိုးရာသီတွင် မိုးရေလုံလောက်မှုမရှိခြင်းတို့ ဖြစ်လာနိုင်ကြောင်း သက်ဆိုင်သူများ၏ ပြောကြားချက်အရ သိရသည်။

၎င်းအပြင် အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျနိုင်ငံတို့ကဲ့သို့ အဓိကထုတ်လုပ်သူ နိုင်ငံများတွင် စိုက်ပျိုးမှု ကုန်ကျစရိတ်မြင့်တက်လာခြင်းနှင့် အကျိုးအမြတ်ရရှိမှုနည်းပါးနိုင်မှုတို့ကြောင့် စိုက်ပျိုးဧရိယာ လျော့နည်းလာနိုင်ဖွယ်ရှိကြောင်း သိရသည်။

ပန်ဂျပ်ပြည်နယ်၊ ဟာရ်ယာနာပြည်နယ်နှင့်ရာဇတ်စတန်ပြည်နယ်များကဲ့သို့ အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသတွင် ဝါမျိုးစေ့များဖြန့်ချိခြင်းကို စတင်ဆောင်ရွက်ခဲ့ပြီး လာမည့်ရက်သတ္တပတ် အနည်းငယ်အတွင်း စိုက်ပျိုးခြင်း စတင်ရန်မျှော်လင့်ထားသည်။ လာမည့်နှစ်တွင် ဝါစိုက်ပျိုးမှုသည် ၂၀ ရာခိုင်နှုန်းအထိ တိုးလာနိုင်ကြောင်း အိန္ဒိယနိုင်ငံဝါအသင်း (CAI) ၏ ယခင်ဥက္ကဋ္ဌဖြစ်သူ Atul S Ganatra က ပြောကြားခဲ့ကြောင်း သိရသည်။

Source: The Hindu Business Line, 30 March 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),

Source: https://www.doca.gov.mm/my/node/64816

## ရာသီဥတုဆိုးရွားမှုနှင့် ဝယ်လိုအားမြင့်တက်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ပြောင်းတင်သွင်းမှုအပေါ် ပိုမိုမှီခို

အမေရိကန်ပြည်ထောင်စုစိုက်ပျိုးရေးဦးစီးဌာန(USDA)၏အဆိုအရ ဖိလစ်ပိုင်နိုင်ငံသည် မွေးမြူရေးကဏ္ဍ ပြန်လည်ကောင်းမွန်လာခြင်းနှင့် စက်မှုလုပ်ငန်းသုံး ဝယ်လိုအားချဲ့ထွင်လာခြင်းတို့ကြောင့် ပြည်တွင်းရိတ်သိမ်းမှုထက် သာလွန်ကာ ယခုဈေးကွက်ရာသီတွင် ပြောင်းတင်သွင်းမှုကို မက်ထရစ်တန်ချိန် ၂ သန်း နီးပါးအထိ တိုးမြှင့်ရန် အသင့်ရှိနေသည်။

ယခင်အပတ်က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် USDA သည် ဖိလစ်ပိုင်၏ ပြောင်းတင်သွင်းမှုအတွက် ၂၀၂၅-၂၀၂၆ ခုနှစ် ဈေးကွက်ရာသီတွင် ၎င်း၏ကနဦးခန့်မှန်းချက် တန်ချိန် ၁ ဒသမ ၈၅ သန်းထက် တန်ချိန် ၁၀၀,၀၀၀ ပိုမိုမြင့်မားသည့် တန်ချိန် ၁ ဒသမ ၉၅ သန်းအဖြစ် ခန့်မှန်းချက်ကို ပြန်လည် ပြင်ဆင်ခဲ့ကြောင်း သိရသည်။

အဆိုပါနိုင်ငံတကာအေဂျင်စီက လက်ရှိဈေးကွက်ရာသီ (ဇူလိုင်လတွင် စတင်၍ ဇွန်လတွင် ပြီးဆုံးသောကာလ)အတွင်း ယခင်နှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ နိုင်ငံအတွင်း ဝက်မွေးမြူရေးအရေအတွက် ပြန်လည်ကောင်းမွန်လာခြင်းကြောင့် ပြောင်းတင်သွင်းမှုအပေါ် ကနဦးခန့်မှန်းချက်ကို တိုးမြှင့်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

USDA ၏ ပြောကြားချက်အရ ကြက်မွေးမြူရေး၊ ငါးပုစွန်မွေးမြူရေးနှင့် အိမ်မွေးတိရစ္ဆာန် အစားအစာလုပ်ငန်းများမှ ဝယ်လိုအားချဲ့ထွင်လာမှုတို့ကြောင့် တိရစ္ဆာန်အစာအဖြစ်သုံးသော ပြောင်းလိုအပ်ချက်တိုးလာကြောင်း သိရသည်။ ပြောင်း ဝယ်လိုအား တိုးတက်လာမှုနှင့်အတူ လက်ရှိဈေးကွက်ရာသီကာလအတွင်း စုစုပေါင်း ပြောင်းသုံးစွဲမှုသည် ယခင်နှစ်တန်ဖိုး မက်ထရစ်တန်ချိန် ၉ ဒသမ ၉၅ သန်းမှ မက်ထရစ် တန်ချိန် ၁၀ ဒသမ ၁၅ သန်းအထိ ၂ ရာခိုင်နှုန်းကျော် တိုးလာမည်ဟု ခန့်မှန်းထားသည်။

တိရစ္ဆာန်အစာအဖြစ်သုံးသော ပြောင်း၊ မျိုးစေ့နှင့် စက်မှုလုပ်ငန်းသုံး သုံးစွဲမှုသည် စုစုပေါင်း ဝယ်လိုအား၏ ရှယ်ယာကို တန်ချိန် ၄ ဒသမ ၂ သန်းမှ ၄ ဒသမ ၄ သန်းသို့ တိုးမြှင့်ရန်မျှော်မှန်းထားပြီး တိရစ္ဆာန်အစာပြောင်းနှင့် ပြောင်းစွန့်ပစ်ပစ္စည်း အသုံးပြုမှုတို့သည် ပို၍ကြီးမားသော ရှယ်ယာ တန်ချိန် ၅ ဒသမ ၇၅ သန်းကို ဆက်လက်ထိန်းသိမ်းထားရန် မျှော်လင့်ရသည်။

USDA အနေဖြင့် ပြည်တွင်းပြောင်းထုတ်လုပ်မှုသည် Cagayan ချိုင့်ဝှမ်းကဲ့သို့သော အဓိက ထုတ်လုပ်သည့်ဒေသများတွင် တိုင်ဖွန်းမုန်တိုင်းဒဏ်ကြောင့် အဓိကအားဖြင့် တန်ချိန် ၈ ဒသမ ၃၃ သန်း မှ ၈ ဒသမ ၂၇ သန်းသို့ အနည်းငယ် ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။ ဈေးကွက်ရာသီ၏ ပထမနှစ်ဝက်တွင် အထွက်နှုန်းကောင်းမွန်လာသည့် လက္ခဏာများရှိခဲ့သော်လည်း ၂၀၂၅ ခုနှစ် တတိယသုံးလပတ်တွင် ပြောင်းစိုက်ပျိုးထွက်ရှိမှုကဏ္ဍသည် တိုင်ဖွန်းမုန်တိုင်းနှင့် ဆက်စပ်သော ဆုံးရှုံးမှုများကို သိသိသာသာ ခံစားခဲ့ရသည်။

USDA ၏ပြောကြားချက်အရ ပြည်တွင်းပြောင်းထုတ်လုပ်မှုသည် တိုင်ဖွန်းမုန်တိုင်းကြောင့် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ရောင်းလိုအားကွာဟချက်ကို ပြောင်းတင်သွင်းမှုတိုးမြှင့်ခြင်းဖြင့် ဖြေရှင်းလျက်ရှိပြီး တိရစ္ဆာန်အစာနှင့် အစားအစာထုတ်လုပ်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

USDA က လာမည့် ၂၀၂၆-၂၀၂၇ ဈေးကွက်ရာသီတွင် ပြည်တွင်းထွက်ရှိမှုသည် ရာသီဥတုအခြေအနေကောင်းမွန်ပါက မက်ထရစ်တန်ချိန် ၈ ဒသမ ၂၈ သန်းအထိ အနည်းငယ် တိုးတက်လာနိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် ယခုနှစ် ဒုတိယနှစ်ဝက်၌ အယ်နီညိုရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်ရှိပြီး အဆိုပါဖြစ်စဉ်သည် အနောက်တောင် မုတ်သုံ

ရာသီကို ပိုမိုပြင်းထန်စေကာ ရာသီဥတုပြောင်းလဲမှုကို ပိုမိုဖြစ်ပေါ်နိုင်သဖြင့် ပြောင်းထုတ်လုပ်မှု တိုးတက်ခြင်းဆိုင်ရာ အလားအလာများကို လျော့ကျစေနိုင်ကြောင်း အဆိုပါအေဂျင်စီက သတိပေးခဲ့သည်။

ထို့ကြောင့် USDA က လာမည့်ဈေးကွက်ရာသီအတွက် ဖိလစ်ပိုင်နိုင်ငံ၏ ပြောင်းတင်သွင်းမှုသည် မက်ထရစ်တန်ချိန် ၂ သန်းအထိ တိုးလာနိုင်ပြီး စုစုပေါင်းပြောင်းသုံးစွဲမှု တန်ချိန် ၁၀ ဒသမ ၂၅ သန်းကို ဖြည့်ဆည်းရန် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကြက်မွေးမြူရေး၊ ငါးပုစွန်မွေးမြူရေးနှင့် ပြုပြင်ထားသော အစားအစာများကဲ့သို့ အစာနှင့် အစားအစာ ကဏ္ဍများမှ ဝယ်လိုအားသည် ပြောင်းသုံးစွဲမှုနှင့် တင်သွင်းမှုကို ပိုမိုမြင့်မားစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Source: Manila Bulletin, 6 April 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/65011

## ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုပမာဏ မြင့်တက်ခဲ့သော်လည်း ကမ္ဘာ့ဈေးကွက်ဖိအားကြောင့် ဝင်ငွေကျဆင်းလာ

၂၀၂၆ ခုနှစ်၏ ပထမသုံးလပတ်အတွင်း ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုမှာ ပမာဏအားဖြင့် သိသိသာသာ တိုးတက်ခဲ့သော်လည်း ကမ္ဘာ့ဈေးကွက်အတွင်း ကော်ဖီဈေးနှုန်းများ ကျဆင်းမှုကြောင့်ရရှိသည့် ပို့ကုန်ဝင်ငွေမှာ ယခင်နှစ်ထက် လျော့နည်းသွားကြောင်း စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၆ ခုနှစ်၊ ပထမသုံးလအတွင်း ဗီယက်နမ်သည် ကော်ဖီတန်ချိန် ၅၇၇,၃၀၀ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၁ ဘီလီယံ ရရှိခဲ့သည်။ ယင်းသည် ယခင်နှစ်ကာလတူထက် ပမာဏအားဖြင့် ၁၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာသော်လည်း ဝင်ငွေတန်ဖိုးအားဖြင့် ၆ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်သည်။ အဓိကအကြောင်းရင်းမှာ ပျမ်းမျှပို့ကုန်ဈေးနှုန်းသည် တစ်တန်လျှင် ဒေါ်လာ ၄,၆၉၆ ခန့်သာ ရှိတော့ပြီး ၁၆ ဒသမ ၉ ရာခိုင်နှုန်းခန့် ထိုးကျသွားသောကြောင့်ဖြစ်သည်။

ဂျာမနီ၊ အီတလီနှင့် စပိန်တို့မှာ ဗီယက်နမ်ကော်ဖီ၏ အဓိကဝယ်ယူသူများအဖြစ် ဆက်လက်ရှိနေပြီး အထူးခြားဆုံးအနေဖြင့် တရုတ်နိုင်ငံသို့တင်ပို့မှုမှာ ယခင်နှစ်ထက် နှစ်ဆ ၁၀၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ သို့သော် ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့မှုမှာမူ ၂၃ ဒသမ ၉ ရာခိုင်နှုန်းအထိ လျော့ကျခဲ့သည်။

ကော်ဖီဈေးနှုန်းများ ကျဆင်းရခြင်းမှာ ကမ္ဘာ့အကြီးဆုံး ကော်ဖီထုတ်လုပ်သည့် ဘရာဇီးနိုင်ငံတွင် စံချိန်တင်အထွက်နှုန်း ကောင်းမွန်မည့် အလားအလာရှိနေခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် အမေရိကန်ဒေါ်လာ တန်ဖိုးပြန်တက်လာခြင်းနှင့် ယူဂန်ဒါကဲ့သို့သောနိုင်ငံများမှ ကော်ဖီအထွက်နှုန်း တိုးလာခြင်းတို့ကလည်း ဈေးကွက်ကို ဖိအားပေးလျက်ရှိသည်။

ဗီယက်နမ်ပြည်တွင်းရှိ အလယ်ပိုင်းကုန်းမြင့်ဒေသတွင်လည်း မတ်လအတွင်း ကော်ဖီဈေးနှုန်းမှာ တစ်ကီလိုလျှင် ၂,၅၀၀ မှ ၂,၈၀၀ ဗီယက်နမ်ဒေါင်အထိကျဆင်းခဲ့ပြီး လက်ရှိတွင် တစ်ကီလိုလျှင် ၉၃,၀၀၀ ဝန်းကျင်သာရှိတော့သည်။

ဈေးကွက်အတက်အကျဒဏ်ကို ခံနိုင်ရည်ရှိစေရန်အတွက် ဗီယက်နမ်ကော်ဖီလုပ်ငန်းရှင်များသည် အရေအတွက်ထက် အရည်အသွေးမြှင့်တင်ရန်ပြင်ဆင်လာကြသည်။ Buon Ma Thuot ကော်ဖီအသင်းက ဦးဆောင်၍ “Robusta XXI” အမည်ရှိ အစီအစဉ်ကို စတင်ခဲ့သည်။ ဤစီမံကိန်းသည် ဗီယက်နမ် Robusta ကော်ဖီကို ကမ္ဘာ့အဆင့်မီစံချိန်စံညွှန်းများသတ်မှတ်ရန်နှင့် နိုင်ငံတကာဈေးကွက်တွင် ပိုမိုခိုင်မာသော ဈေးနှုန်း တစ်ခုရရှိစေရန် ရည်ရွယ်သည်။

ရေတိုတွင် ကမ္ဘာ့စီးပွားရေးမရေရာမှုများကြောင့် ကော်ဖီဈေးကွက်မှာဖိအားများနှင့်ဆက်လက်ရင်ဆိုင်ရနိုင်သော်လည်း၊ ရေရှည်တွင် အရည်အသွေးမြှင့်တင်မှုနှင့်အတူ ဗီယက်နမ်ကော်ဖီသည် ကမ္ဘာ့ဈေးကွက်တွင် အခိုင်အမာ ဆက်လက်ရပ်တည်နိုင်မည်ဟု ကျွမ်းကျင်သူများက သုံးသပ်ထားကြောင်း သိရသည်။ Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_0904202611:33

## တရုတ်ကော်ဖီဆိုင်လုပ်ငန်းစုများ ပြည်ပသို့ချဲ့ထွင်ရာတွင် ဈေးနှုန်းချိုသာမှုထက် အရည်အသွေးမြှင့်တင်ရေးကို အလေးထားလာ

တရုတ်ကော်ဖီဆိုင်လုပ်ငန်းစုများသည် ယခင်က ဈေးနှုန်းအလွန်ချိုသာစွာရောင်းချသည့် နည်းဗျူဟာဖြင့် ဆိုင်ခွဲပေါင်းထောင်ချီဖွင့်လှစ်ကာ လျင်မြန်စွာတိုးတက်လာခဲ့သော်လည်း ယခုအခါ ထိုနည်းလမ်းမှာ ထိရောက်မှုလျော့နည်းလာပြီဖြစ်သည်။ ထို့ကြောင့် အဆိုပါ အမှတ်တံဆိပ်များသည် ထုတ်ကုန်အရည်အသွေးနှင့် ဝန်ဆောင်မှုအတွေ့အကြုံများ ပိုမိုကောင်းမွန်လာစေရန် အာရုံစိုက်လာကြသည်။

Cotti Coffee သည် ယခုနှစ်မှစတင်ကာ အဖျော်ယမကာတစ်ခွက်လျှင် ၉ ဒသမ ၉ ယွမ် (၁ ဒသမ ၄ ဒေါ်လာခန့်) ဖြင့် ရောင်းချသည့် လျှော့ဈေးအစီအစဉ်များကို လျှော့ချခဲ့သည်။ အဆိုပါ နည်းဗျူဟာမှာ ၂၀၂၂ ခုနှစ် စတင်တည်ထောင်ချိန်မှစ၍ နိုင်ငံပေါင်း ၂၈ နိုင်ငံတွင် ဆိုင်ခွဲပေါင်း ၁၈,၀၀၀ အထိ တိုးချဲ့နိုင်ရန် ကူညီပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ ၎င်းတို့သည် မြို့ကြီးများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှု လျှော့ကျထားမှုများကိုရပ်ဆိုင်းထားပြီး ဝန်ဆောင်မှုအတွေ့အကြုံကောင်းမွန်စေရန် ကိုယ်ပိုင်ဆိုင်ခွဲများ တည်ဆောက်ရေးကိုသာ ဦးစားပေးတော့မည် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် Mixue Bingcheng သည်လည်း ကော်ဖီမှုန့်သုံးစွဲမှုအစား ကော်ဖီစေ့ကို ကိုယ်တိုင်ချက်ချင်းကြိတ်၍ ဖျော်စပ်သည့်စနစ်သို့ ပြောင်းလဲရန်ပြင်ဆင်နေကြောင်း သတင်းများထွက်ပေါ်နေသည်။ ထို့ပြင် အလိုအလျောက် ကော်ဖီဖျော်စက်များ၊ ကော်ဖီစေ့ အမျိုးအစားသစ်များနှင့် နို့အစရှိသည့် ပါဝင်ပစ္စည်းများကို အဆင့်မြှင့်တင်ရန် စီစဉ်နေသည်။

တရုတ်ပြည်တွင်း စားသောက်ကုန်နှင့် အဖျော်ယမကာဈေးကွက်သည် ပြည့်နှက်နေပြီဖြစ်သောကြောင့် လုပ်ငန်းစုများသည် ပြည်ပသို့ ခြေဆန့်လာကြခြင်းဖြစ်သည်။ Luckin Coffee သည် ပြီးခဲ့သည့်လက ဆိုင်ခွဲပေါင်း ၃၀,၀၀၀ ပြည့်မြောက်ခြင်းကို ဆင်နွှဲခဲ့ပြီး ဟောင်ကောင်၊ စင်ကာပူနှင့် မလေးရှားတို့သို့ ချဲ့ထွင်ခဲ့ပြီးဖြစ်သည်။ Luckin Coffee သည် အမေရိကန်စတော့ဈေးကွက်သို့ ပြန်လည်ဝင်ရောက်ရန် ပြင်ဆင်နေသကဲ့သို့ ၎င်း၏ အဓိကရှယ်ယာရှင်ဖြစ်သူ Centurium Capital ကလည်း နာမည်ကြီး Blue Bottle Coffee ၏ ဆိုင်ခွဲပိုင်ဆိုင်မှုများကို Nestle ထံမှ ဒေါ်လာ ၄၀၀ သန်းအောက်ဖြင့် ဝယ်ယူရန် သဘောတူညီခဲ့သည်။

ပညာရှင်များ၏ အဆိုအရ ဤဝယ်ယူမှုသည် Luckin Coffee အတွက် အဆင့်မြင့် (Premium) ကုန်အမှတ်တံဆိပ်တစ်ခုအဖြစ် ရပ်တည်နိုင်ရန် ဖြည့်ဆည်းပေးခြင်းဖြစ်သည်ဟုဆိုသည်။ တရုတ်ကော်ဖီ အမှတ်တံဆိပ်များဖြစ်သော Lucky Cup (Mixue အုပ်စုဝင်)၊ Luckin နှင့် Cotti တို့သည် ဆိုင်ခွဲပေါင်း သောင်းနှင့်ချီရှိလာသော်လည်း ပြည်ပဈေးကွက်တွင် အောင်မြင်မှုရရန်မှာ မသေချာကြောင်း သိရသည်။

ပြည်ပနိုင်ငံများတွင် ဆိုင်ခန်းငှားရမ်းခ၊ လုပ်အားခနှင့် ဥပဒေကြောင်းအရ လိုက်နာရမည့် ကုန်ကျစရိတ်များမြင့်မားသဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချခြင်းမှာ ရေရှည်တွင် အကျိုးအမြတ်ရရန် ခက်ခဲနိုင်သည်။

အနောက်နိုင်ငံရှိ စားသုံးသူများသည် ဈေးနှုန်းထက် ကုန်အမှတ်တံဆိပ်၏ ပုံရိပ်၊ အရည်အသွေးနှင့် ဝန်ဆောင်မှုကို ပိုမိုတန်ဖိုးထားကြသည်။ အရှိန်အဟုန်ဖြင့် တိုးချဲ့ခြင်းကြောင့် ဆိုင်ခွဲအချင်းချင်း ဈေးကွက်လုခြင်းနှင့်ဈေးနှုန်းစစ်ပွဲများ ဖြစ်ပေါ်လာကာ အကျိုးအမြတ်ကို ထိခိုက်စေနိုင်သည်။

သို့သော်လည်း လက်ရှိတွင် အရည်အသွေးမြှင့်တင်သည့် နည်းဗျူဟာမှာ ရလဒ်ကောင်းများ ပြသနေသည်။ ဥပမာအားဖြင့် Tianlala လက်ဖက်ရည်ဆိုင်ခွဲသည် ကော်ဖီစက်များ စတင်တပ်ဆင်ပြီးနောက် ကော်ဖီရောင်းအား ၂၇ ရာခိုင်နှုန်း မြင့်တက်ကာ စုစုပေါင်းဝင်ငွေ ၅၀ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့သည်။

တရုတ်ကော်ဖီဆိုင်များသည် ကမ္ဘာလုံးဆိုင်ရာ အမှတ်တံဆိပ်များအဖြစ် ရပ်တည်နိုင်ရန်အတွက် ဈေးနှုန်းအပြင် အရည်အသွေးနှင့် ဒေသဆိုင်ရာ ယဉ်ကျေးမှုများတွင် ပေါင်းစပ်ဝင်ဆံ့နိုင်မှုကို အဓိကထား၍ ပြောင်းလဲလုပ်ဆောင်နေကြပြီဖြစ်ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/64957

## ဗီယက်နမ်၏ ငရုတ်ကောင်းတင်ပို့မှု သိသိသာသာ ပြန်လည်တိုးတက်လာ

၂၀၂၆ ခုနှစ် မတ်လတွင် ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းတင်ပို့မှုသည် ပမာဏနှင့်တန်ဖိုး နှစ်မျိုးစလုံးတွင် သိသိသာသာတိုးတက်လာပြီး အမြတ်အစွန်းများစွာရရှိခဲ့ကြောင်း၊ အဆိုပါအချက်သည်ပင် စက်မှုလုပ်ငန်းပြန်လည်အားကောင်းလာခြင်းကို ပြသနေခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ပစ္စည်းလက်ကျန် ကန့်သတ်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ သယ်ယူပို့ဆောင်ရေး အခက်အခဲများသည်စိန်ခေါ်မှုများအဖြစ် ဆက်လက်ရှိနေကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင်အသင်းအဖွဲ့ (Vietnam Pepper and Spice Association - VPSA)၏ အချက်အလက်များအရ မတ်လတွင် ငရုတ်ကောင်း တင်ပို့မှု ၃၀,၆၃၈ တန်ရှိရာ ငရုတ်ကောင်းအနက် ၂၆,၁၉၀ တန်နှင့် ငရုတ်ကောင်းအဖြူ ၄,၄၄၈ တန် ပါဝင်သည်။

တင်ပို့မှုဝင်ငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၃ သန်းရှိပြီး ဧရာတ်ကောင်းအနက်မှ ဒေါ်လာ ၁၆၇ ဒသမ ၃ သန်း၊ ဧရာတ်ကောင်းအဖြူမှ ဒေါ်လာ ၃၂ သန်း ရရှိခဲ့ကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီလမှ တင်ပို့မှုပမာဏသည် ၁၁၉ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၅၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

တင်ပို့မှုဈေးနှုန်းသည် မြင့်မားနေဆဲဖြစ်ပြီး ပျမ်းမျှအားဖြင့် ဧရာတ်ကောင်းအနက်တစ်တန်လျှင် ၆,၅၂၀ ဒေါ်လာနှင့် ဧရာတ်ကောင်းအဖြူတစ်တန်လျှင် ၈,၇၃၅ ဒေါ်လာရှိသည်။ ဧရာတ်ကောင်းအနက် ဈေးနှုန်းသည် လစဉ်အလိုက် သုည ဒသမ ၇ ရာခိုင်နှုန်း လျော့ကျခဲ့သော်လည်း ဧရာတ်ကောင်းအဖြူ ဈေးနှုန်းမှာ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းနှင့် ခိုင်မာမှုရှိသောဈေးကွက်တွင် ကုန်ပစ္စည်းအမျိုးအစားအလိုက် ဈေးနှုန်းကွာခြားမှုရှိကြောင်း ပြသနေသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ဗီယက်နမ်၏ အင်အားအကြီးဆုံး ဝယ်ယူသူများအဖြစ် ရပ်တည်နေပြီး အမေရိကန်မှ ၈,၀၅၉ တန်နှင့် တရုတ်နိုင်ငံမှ ၃,၆၆၃ တန် အသီးသီးတင်သွင်းခဲ့ကြသည်။ အမေရိကန်သို့ တင်ပို့မှုသည် ယခင်လမှစ၍ ၁၂၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး တရုတ်နိုင်ငံသို့ တင်ပို့မှုသည် ၁၃၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အီဂျစ်၊ နယ်သာလန်၊ ကနေဒါနှင့် ဖိလစ်ပိုင်နိုင်ငံများအပါအဝင် အခြားဈေးကွက်များတွင်လည်း မျှော်မှန်းထားသောတိုးတက်မှုရရှိခဲ့ပြီး တင်ပို့မှုများမှာ တိုးတက်မှု သုံးဆရှိခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ပထမသုံးလအတွင်း ဗီယက်နမ်နိုင်ငံသည် ဧရာတ်ကောင်း ၆၆,၃၅၀ တန် တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၄၃၀ သန်းရရှိခဲ့ပြီး ပမာဏအားဖြင့် ၃၉ ဒသမ ၂ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၃၁ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အဆိုပါအချက်သည် နှစ်တစ်နှစ်၏အစမှ တင်ပို့မှုအရှိန်အဟုန် အားကောင်းမှုကို မီးမောင်းထိုးပြခြင်းပင်ဖြစ်သည်။

တင်သွင်းမှုအပိုင်းတွင်လည်း ဗီယက်နမ်နိုင်ငံသည် သိသိသာသာတိုးတက်လာခဲ့ပြီး အကြောင်းရင်းမှာ ပြည်တွင်းရောင်းလိုအားလျော့နည်းလာမှုကြောင့် ပြုပြင်ထုတ်လုပ်ရန်နှင့် ပြန်လည်တင်ပို့ရန်အတွက် စီးပွားရေးလုပ်ငန်းများမှ ဝယ်ယူမှုတိုးမြင့်လာခြင်းကြောင့်ဖြစ်သည်။ မတ်လတွင် တင်သွင်းမှုသည် ၁၀,၃၁၃ တန်ရှိပြီး ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၆၆ ဒသမ ၂ ရာခိုင်နှုန်း၊ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၀၈ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ပထမသုံးလအတွင်း စုစုပေါင်း ၂၁,၂၀၁ တန်တင်သွင်းခဲ့ပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၁၂၁ သန်း ရှိ၍ ယခင်နှစ်ထက် ၁၁၈ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးပေးသွင်းသူနိုင်ငံဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် တင်သွင်းမှု၏ ၅၅ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း၊ ဘရာဇီးနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ကမ္ဘောဒီးယားနိုင်ငံပြီးလျှင် အကြီးဆုံးပေးသွင်းသူနိုင်ငံများဖြစ်ကြကြောင်း သိရသည်။ တင်ပို့မှု အားကောင်းသော်လည်း VPSA က ရောင်းလိုအားနှင့် ဝယ်လိုအား မညီမျှမှုများ ကြီးထွားလာနေကြောင်း သတိပေးပြောဆိုခဲ့သည်။ ၂၀၂၆ ခုနှစ် သီးနှံအထွက်နှုန်းမှာ ၁၇၀,၀၀၀ မှ ၁၈၀,၀၀၀ တန်ရှိမည်ဟု ခန့်မှန်းထားပြီး ရာသီဥတုမကောင်းမှုနှင့် သက်တမ်းရင့်စိုက်ခင်းများကြောင့် ယခင်နှစ်ထက် ၁၅ - ၂၀ ရာခိုင်နှုန်းထိ လျော့နည်းနိုင်သည်။ ရောင်းလိုအားနည်းပါးမှုသည် ပြည်တွင်းဧရာတ်ကောင်းဈေးနှုန်းကို တစ်ကီလိုလျှင် VNĐ ၁၄၀,၀၀၀ မှ ၁၅၀,၀၀၀ (ဒေါ်လာ ၅ ဒသမ ၃၂– ၅ ဒသမ ၆၉) အထိ မြင့်တက်လာစေသည်။

ဝယ်လိုအားမြင့်မားနေစဉ် တောင်သူများအနေဖြင့် တိုးဖိုးမြင့်သီးနှံများ ပြောင်းလဲစိုက်ပျိုးလာခြင်းနှင့် မြေယာကန့်သတ်မှုများကြောင့် ပြန်လည်စိုက်ပျိုးရန် အားထုတ်မှုများမှာ အကန့်အသတ်ရှိနေသည်။ ၂၀၂၆ တွင်ကမ္ဘာအနှံ့ဧရာတ်ကောင်းထုတ်လုပ်မှုသည် ၅၃၀,၀၀၀ တန်ခန့်ရှိမည်ဟု မျှော်မှန်းထားပြီး ယခင် နှစ်ထက် အနည်းငယ်မြင့်မားသော်လည်း ၂၀၂၄ ထက်နိမ့်နေဆဲပင်ဖြစ်သည်။

တင်ပို့သူများသည် အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများ မြင့်တက်လာခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်များ ၃ ဆမှ ၄ ဆအထိ မြင့်တက်လာကာ ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာဖိအားများ တိုးမြင့်လာခြင်း ကြုံတွေ့နေရသည်။ ကုန်သွယ်မှုဆိုင်ရာ ကုန်သေတ္တာများ ကူးလူးသွားလာခြင်းအတွက် ဟောမုဇ်ရေလက်ကြားကို ပိတ်ထားခြင်းက အရေးပါသောသယ်ယူပို့ဆောင်ရေးလမ်းကြောင်းများထိခိုက်ပြီး ကုန်တင်သင်္ဘောများ လည်ပတ်မှုရပ်ဆိုင်းခြင်းနှင့် Jebel Ali နှင့် ဘာရိန်း၊ အိုမန်တို့ရှိ ဆိပ်ကမ်းများကဲ့သို့ အဓိကကျသောကုန်စည်ပို့ဆောင်ရေးဆိပ်ကမ်းများတွင် ဆိုးရွားလှသောပိတ်ဆို့ပြည့်ကျပ်မှုများဖြစ်ပေါ်လာစေသည်။

အရှေ့အလယ်ပိုင်းဒေသသည် ဗီယက်နမ်၏ ဧရာတ်ကောင်းတင်ပို့မှု၏ ၁၅ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုသည့်အပြင် အရေးကြီးသော သယ်ယူပို့ဆောင်ရေး တံခါးပေါက်တစ်ခုဖြစ်သောကြောင့် တင်ပို့သူလုပ်ငန်းရှင်အချို့သည် စရိတ်တက်လာမှုနှင့်

ပို့ဆောင်မှုနှောင့်နှေးမှုများကိုလျှော့ချရန်အတွက် အမှာအသစ်များကိုယာယီရပ်နားထားသည်။ အခြေအနေများဆက်လက်ကြာရှည်ပါက ၂၀၂၆ ခုနှစ်အတွင်းတင်ပို့မှုဆိုင်ရာတိုးတက်မှုအလားအလာအပေါ်ကြီးမားသောသက်ရောက်မှုရှိနိုင်ကြောင်းသိရသည်။ Source: Viet Nam News, 7 April 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: [https://www.doca.gov.mm/my/node/65015](https://www.doca.gov.mm/my/node/65015)

## ဗီယက်နမ်နိုင်ငံ၏ စတော်ဘယ်ရီသီး တင်ပို့မှု စံချိန်တင်မြင့်တက်လာ

၂၀၂၆ ခုနှစ်၏ ပထမနှစ်လအတွင်း ဗီယက်နမ်နိုင်ငံ၏ စတော်ဘယ်ရီသီး ပြည်ပတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းအထိ ရှိလာခဲ့ပြီး ယခင်နှစ်ကာလတူထက် အဆပေါင်း ၂,၀၀၀ ခန့် အထိ ထူးထူးခြားခြားမြင့်တက်လာကြောင်း အကောက်ခွန်ဆိုင်ရာအချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်တွင် စတော်ဘယ်ရီတင်ပို့မှုမှ ဒေါ်လာ ၆,၀၀၀ ခန့်သာ ရရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ဒေါ်လာ ၁ ဒသမ ၇၄ သန်းအထိ တိုးတက်လာခဲ့ပြီး ယခု ၂၀၂၆ ခုနှစ် နှစ်စပိုင်းတွင်မှု စံချိန်တင် ပမာဏသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဗီယက်နမ် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်အသင်း၏ အထွေထွေအတွင်းရေးမှူး Mr. Dang Phuc Nguyen ၏ပြောကြားချက်အရ ဗီယက်နမ် စတော်ဘယ်ရီများကို တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်းနှင့် အီးယူဈေးကွက်များသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ လတ်ဆတ်သောအသီးများသည် သယ်ယူပို့ဆောင်ရန် ခက်ခဲသောကြောင့် တင်ပို့မှုအများစုမှာ အေးခဲထားသော စတော်ဘယ်ရီများ၊ အခြောက်ခံထားသောထုတ်ကုန်များနှင့် ပြုပြင်မွမ်းမံထားသောပစ္စည်းများဖြစ်သည်။ Son La ပြည်နယ်၌ စတော်ဘယ်ရီစိုက်ဧက ဟက်တာ ၆၀၀ ကျော်ရှိပြီး တစ်နှစ်လျှင် တန်ချိန် ၁၀,၀၀၀ ခန့်ထွက်ရှိပြီး Lam Dong ပြည်နယ်တွင်လည်း ဟက်တာ ၁၇၀ ကျော် စိုက်ပျိုးထားသည်။ ထို့ပြင် ဟနွိုင်းကဲ့သို့သော မြို့ကြီးများတွင်လည်း နည်းပညာမြင့် စမတ်စိုက်ပျိုးရေးစနစ်များဖြင့်စတင်စိုက်ပျိုးနေပြီဖြစ်သည်။

ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်သော်လည်း ပြည်တွင်းစားသုံးမှုနှင့် တင်ပို့မှုအပိုင်းတွင် နှေးကွေးနေခြင်းကြောင့် စိုက်ပျိုးသူအချို့ အရှုံးနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။ Xuan Que စတော်ဘယ်ရီ သမဝါယမ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပို့ကုန်ကဏ္ဍပိုမိုခိုင်မာစေရန်အတွက် သိုလှောင်ထိန်းသိမ်းမှုနည်းပညာ (Preservation Technology) မြှင့်တင်ပေးမည့် မူဝါဒများ လိုအပ်နေကြောင်းထောက်ပြထားသည်။ အကယ်၍ သိုလှောင်မှုနှင့်သယ်ယူပို့ဆောင်ရေး(Logistics) အခက်အခဲများကို ဖြေရှင်းနိုင်ပါက စတော်ဘယ်ရီသည် ဒူးရင်းနှင့် နဂါးမောက်သီးတို့ကဲ့သို့ ဗီယက်နမ်၏ အဓိကပို့ကုန်သစ်တစ်ခုဖြစ်လာနိုင်ကြောင်း စီးပွားရေးလေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။ Source: https://www.doca.gov.mm

Source: [https://myantrade.gov.mm/article/naypyitaw_09042026%201315](https://myantrade.gov.mm/article/naypyitaw_09042026%201315)

## ဗီယက်နမ်နိုင်ငံမှ ကျွဲကောသီးနှင့် သံပရာသီးများကို တရုတ်နိုင်ငံသို့ တင်ပို့ရန် ခွင့်ပြုချက်ရရှိ

ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ်နှင့် နိုင်ငံတော်သမ္မတ To Lam ၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးဌာနတို့သည် အပင်ပိုးမွှားသန့်စင်ရေးဆိုင်ရာလိုအပ်ချက်များ (Phytosanitary requirements)ဆိုင်ရာ သဘောတူညီချက်ကို ဧပြီလ ၁၅ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူညီချက်အရ တရုတ်နိုင်ငံသို့ တင်ပို့မည့် ကျွဲကောသီးနှင့် သံပရာသီး စိုက်ပျိုးသည့်နေရာအားလုံးနှင့် ထုပ်ပိုးသည့်စက်ရုံများသည် ဗီယက်နမ်စိုက်ပျိုးရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနနှင့် တရုတ်အကောက်ခွန်ဌာနနှစ်ခုလုံး၏ အတည်ပြုချက်ရယူရမည်၊ တင်းကျပ်သော ပိုးမွှားထိန်းချုပ်မှု လုပ်ငန်းစဉ်များကို ကျင့်သုံးရမည်၊ စိုက်ပျိုးထုတ်လုပ်သူများသည် ကောင်းမွန်သောစိုက်ပျိုးရေးကျင့်ထုံး(GAP)နှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း (IPM) လိုအပ်ချက်များကို လိုက်နာရမည်၊ ခူးဆွတ်ခြင်းမပြုမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ အသီးများကို အိတ်စွပ်ရမည်ဖြစ်ပြီး သစ်သီးဖျက်ပိုးများအတွက် ထောင်ချောက်များကို အသုံးပြုရမည်၊ ထုပ်ပိုးသည့်စက်ရုံများသည် သန့်ရှင်းမှုရှိရမည်ဖြစ်ပြီး ရောဂါရှိသောအသီးများ၊ ပိုးမွှားရှိသောအသီးများ၊ သစ်ပင်အကြွင်းအကျန်များနှင့် မြေဆီလွှာများကို သန့်စင်ဖယ်ရှားပြီးမှသာ အမျိုးအစား ခွဲခြားထုပ်ပိုးရမည်ဖြစ်သည်။

ယခုကဲ့သို့ ခွင့်ပြုချက်ရရှိခြင်းသည် ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့သော နှစ်နိုင်ငံ အပင်ကာကွယ်ရေးနှင့် ကွာရတ်တင်း (Quarantine) အေဂျင်စီများအကြား စနစ်တကျနည်းပညာပိုင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ၏ ရလဒ်ဖြစ်ကြောင်း ဝန်ကြီးဌာန

က ပြောကြားခဲ့သည်။ ဗီယက်နမ်နှင့် တရုတ်နိုင်ငံအကြား စိုက်ပျိုးရေးကုန်သွယ်မှု ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ ယခု သဘောတူညီချက်သည် ပွင့်လင်းမြင်သာမှုရှိခြင်း၊ စံချိန်စံညွှန်းကိုလိုက်နာသော တရားဝင်တင်ပို့မှုလမ်းကြောင်းဖြစ်ပေါ်လာစေခြင်းနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေခြင်းတို့ကို ဖော်ညွှန်းနေသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်သစ်သီးဝလံများအတွက် ဝယ်လိုအားမြင့်မားပြီး အလားအလာကောင်းသော အဓိက ဈေးကွက်ကြီးတစ်ခု ဖြစ်သည်။ ကျွဲကောသီးနှင့် သံပရာသီးများသည်လည်း အခြားကုန်စည်များကဲ့သို့ပင် ဈေးကွက်ဝေစု ပိုမိုရရှိလာပြီး နိုင်ငံ၏ စုစုပေါင်းပို့ကုန်ကဏ္ဍကို မြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ရသည်။ ကျွဲကောသီးနှင့် သံပရာသီးတို့သည် ဗီယက်နမ်၏အားသာချက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည်။ လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကျွဲကောစိုက်ဧကဟက်တာပေါင်း ၁၀၆,၀၀၀ ခန့်ရှိပြီး ကမ္ဘာပေါ်တွင် ကျွဲကောသီး အဓိကထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Source:https://www.doca.gov.mm/my/node/65081

Source:https://myantrade.gov.mm/article/naypyitaw_214202604:10PM

## တရုတ်သို့ အေးခဲဒူးရင်းသီးတန်ချိန် ၄၅၉ တန် တိုက်ရိုက် တင်ပို့ခဲ့သည့် အင်ဒိုနီးရှား

အင်ဒိုနီးရှား ကွာရန်တင်းအေဂျင်စီ (Barantin)နှင့် ဗဟိုဆူလာဝေစီပြည်နယ်အစိုးရတို့သည် ဧပြီလ ၁၆ ရက်နေ့က အေးခဲဒူးရင်းသီး (Frozen Durian) တန်ချိန် ၄၅၉ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ တန်ဖိုးအားဖြင့် ရူပီး ၄၂ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၇ သန်းခန့်) ရှိသော အဆိုပါကုန်ပစ္စည်းများကို ဗဟိုဆူလာဝေစီပြည်နယ် Palu မြို့မှ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Barantin အကြီးအကဲ Sahat M. Panggabean က ယခုတင်ပို့မှုသည် ၂၀၂၅ မေလ ၂၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော အင်ဒိုနီးရှား-တရုတ် အေးခဲဒူးရင်းသီးတင်ပို့ရေးသဘောတူညီချက်အပြီး ဈေးကွက်ဝင်ခွင့်ဖွင့်လှစ်ရန်ကြာမြင့်သောလုပ်ငန်းစဉ်၏ ရလဒ်ဖြစ်ကြောင်းပြောကြားခဲ့သည်။ Panggabean က တရုတ်ဈေးကွက်သို့ ဒူးရင်းသီးတင်ပို့နိုင်ခြင်းသည် စိုက်ပျိုးရေးသမားများမှအစ အစိုးရအထိ ပါဝင်သူအားလုံး၏ ပူးပေါင်းကြိုးပမ်းမှုကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်း၏ ပြောကြားချက်အရ ယခုအချိန်ထိ ဒူးရင်းသီးကွန်တိန်နာ ၁၅၁ လုံးကို တရုတ်နိုင်ငံသို့ တင်ပို့ထားပြီး စီးပွားရေးတန်ဖိုးမှာ ရူပီး ၃၇၇ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ယခင်က အင်ဒိုနီးရှားမှ တရုတ်သို့ ဒူးရင်းသီးတင်ပို့ရာတွင် တိုက်ရိုက်မဟုတ်ဘဲ ဗီယက်နမ်၊ ထိုင်းနှင့် မလေးရှားတို့ကဲ့သို့ ကြားခံနိုင်ငံများမှတစ်ဆင့် တင်ပို့ခဲ့ရကြောင်း သိရသည်။ တိုက်ရိုက်တင်ပို့နိုင်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးအချိန်ကို ၅၆ ရက်ခန့်မှ ၂၂ မှ ၂၆ ရက်အထိ လျှော့ချနိုင်ခဲ့ပြီး ဖြန့်ဖြူးရေးကုန်ကျစရိတ်ကိုလည်း တစ်ဝက်ခန့်လျှော့ချနိုင်ခဲ့သဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ငွေကြေးလည်ပတ်မှုကို အထောက်အကူပြုခဲ့ကြောင်း Panggabean က ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် ထုတ်ကုန်အရည်အသွေးနှင့် လုံခြုံရေးကို ဆက်လက်အာမခံနေကြောင်းလည်း ၎င်းကအလေးပေးပြောကြားခဲ့သည်။ ဗဟိုဆူလာဝေစီကွာရန်တင်းရုံး အကြီးအကဲ Alfian က ၂၀၂၆ ခုနှစ် ဇန်နဝါရီမှ ဧပြီလအထိ အေးခဲဒူးရင်းသီး တရုတ်သို့တင်ပို့မှုသည် ၄,၀၇၇ တန်အထိ ရောက်ရှိခဲ့ကြောင်း Barantin အချက်အလက်များကို ကိုးကား၍ ပြောကြားခဲ့သည်။ တရုတ်နိုင်ငံတွင် ဒူးရင်းသီးဈေးနှုန်းသည် ဒေသတွင်းဈေးထက် ၅ ဆမှ ၇ ဆအထိ မြင့်မားသောကြောင့် တိုက်ရိုက်တင်ပို့မှုသည် အကျိုးအမြတ် အလားအလာကြီးမားကြောင်းလည်း Alfian က ပြောကြားခဲ့သည်။ လက်ရှိတွင် တင်ပို့ခွင့်ရရှိထားသော အေးခဲဒူးရင်းသီး ထုပ်ပိုးစက်ရုံ ၈ ခုအနက် ၇ ခုသည် ဗဟိုဆူလာဝေစီ ပြည်နယ်တွင် တည်ရှိနေသဖြင့် ထိုဒေသသည် အဓိကတင်ပို့ရေးအချက်အချာဒေသတစ်ခု ဖြစ်လာခဲ့ကြောင်းသိရသည်။ ပြည်နယ်အစိုးရ အချက်အလက်များအရ ဗဟိုဆူလာဝေစီတွင် ဒူးရင်းသီးပင် ၃ ဒသမ ၇ သန်းခန့်ရှိပြီး ၂၀၂၅ ခုနှစ်တွင် ထုတ်လုပ်မှု ၉၅,၁၄၀ တန်ရှိခဲ့ကြောင်း သိရသည်။ ထိုထုတ်လုပ်မှုများသည် အထူးသဖြင့် Poso နှင့် Parigi Moutong ဒေသများတွင် ပြန့်နှံ့နေကြောင်း သိရသည်။

ဗဟိုဆူလာဝေစီပြည်နယ်အုပ်ချုပ်ရေးမှူး Anwar Hafid က တိုက်ရိုက်တင်ပို့မှုသည် ပြည်နယ်အား အင်ဒိုနီးရှား၏ ဒူးရင်းသီး အဓိကထုတ်လုပ်ရာအချက်အချာဒေသအဖြစ်အားကောင်းစေပြီး ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်မှုကို မြှင့်တင်ပေးကြောင်း ပြောကြားခဲ့သည်။ တရုတ်နိုင်ငံ၏ နှစ်စဉ် ဒူးရင်းသီးဝယ်လိုအားသည် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ရှိနေသဖြင့် အင်ဒိုနီးရှားအတွက်နိုင်ငံခြားဝင်ငွေတိုးမြှင့်ရန်အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်းအစိုးရဘက်ကရှုမြင်ထားသည်ဟုသိရသည်။

Source:https://www.doca.gov.mm/my/node/65080

Source:https://myantrade.gov.mm/article/naypyitaw_214202604:13

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အစိုးရဂိုဒေါင်များတွင် စားနပ်ရိက္ခာ တန်ချိန် ၁၉ ဒသမ ၂ သိန်းခန့် ရှိနေ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အစိုးရဂိုဒေါင်များတွင် လက်ရှိ၌ ဆန်တန်ချိန် ၁၅ ဒသမ ၇၉ သိန်းတန်နှင့် ဂျုံတန်ချိန် ၃ ဒသမ ၃၉ သိန်းတန် အပါအဝင် စုစုပေါင်း စားနပ်ရိက္ခာ တန်ချိန် ၁၉ ဒသမ ၂ သိန်းတန်ခန့် ရှိကြောင်း အစားအသောက်ဆိုင်ရာ ပြည်နယ်ဝန်ကြီး Md Abdul Bari က မတ်လ ၆ ရက်နေ့တွင် လွှတ်တော်၌ ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးက ရိက္ခာပြတ်လပ်မှုမရှိစေရန်အတွက် အစိုးရသည် ဆန်နှင့် ဂျုံတို့ကို အစိုးရအချင်းချင်း (G-to-G) သဘောတူညီချက်များဖြင့်လည်းကောင်း၊ တင်ဒါခေါ်ယူမှုများဖြင့်လည်းကောင်း တင်သွင်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။ ပြည်နယ်ဝန်ကြီး၏ အဆိုအရ ယခု ၂၀၂၅-၂၆ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတကာတင်ဒါမှ ဆန်တန်ချိန် ၅ သိန်းနှင့် G-to-G စနစ်ဖြင့် တန်ချိန် ၁ သိန်းတန်၊ စုစုပေါင်း တန်ချိန် ၆ သိန်းတန်ခန့် တင်သွင်းရန် စာချုပ်ချုပ်ဆိုထားရာတွင် လက်ရှိ၌ ဆန်တန်ချိန် ၃ သိန်း လက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။ ကျန်ရှိသော တန်ချိန် ၃ သိန်းတန်မှာ ပေးပို့ရန် စောင့်ဆိုင်းဆဲဖြစ်ကြောင်း သိရသည်။

ဂျုံတင်သွင်းမှုနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုထံမှ တန်ချိန် ၇ ဒသမ ၁၀ သိန်းတန် တင်သွင်းရန် စာချုပ်ချုပ်ဆိုထားရာတွင် တန်ချိန် ၅ ဒသမ ၃၅ သိန်းတန်ရရှိထားပြီးဖြစ်ကာ၊ ကျန်ရှိသော တန်ချိန် ၁ ဒသမ ၇၅ သိန်းတန်ကို သတ်မှတ်ကာလအတွင်းရရှိရန်မျှော်မှန်းထားကြောင်းသိရသည်။ အစားအသောက်ဝန်ကြီးဌာနလက်အောက်ရှိအစားအသောက် စီမံကိန်းနှင့် စောင့်ကြည့်ရေးကော်မတီ (FPMC) သည် ပြည်တွင်းဝယ်ယူရေးမူဝါဒများကို ကြီးကြပ်လျက်ရှိပြီး ၂၀၂၆ခုနှစ် မေလမှ ဩဂုတ်လအထိကျရောက်မည့် လာမည့် Boro စပါးရာသီတွင် စပါးတန်ချိန် ၅ သိန်းတန်နှင့် ဆန်တန်ချိန် ၁၂ ဒသမ ၁၃ သိန်း ဝယ်ယူရန်စီစဉ်ထားကြောင်း Abdul Bari က ဆက်လက်ပြောကြားခဲ့သည်။ ထို့ပြင် လာမည့် ၂၀၂၆-၂၇ ဘဏ္ဍာရေးနှစ်တွင်လည်း လိုအပ်ချက်အရ ဆန်နှင့် ဂျုံတို့ကို ပြည်တွင်း၊ ပြည်ပ နှစ်ရပ်လုံးမှ ဆက်လက်ဝယ်ယူသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောဆိုခဲ့ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/64889

## ရေနံဓာတုပစ္စည်း သွင်းကုန်ခွန်များကို ပယ်ဖျက်လိုက်သည့် အိန္ဒိယနိုင်ငံ

အီရန်စစ်ပွဲကြောင့် ဖြစ်ပေါ်လာသည့် ပြတ်လပ်မှုများကြောင့် အစိုးရက အရေးပေါ်လုပ်ပိုင်ခွင့်များကို အသုံးပြုကာ ဒေသတွင်းထွက်ဓာတုပစ္စည်းများကို ချက်ပြုတ်ဂက်စ်ထုတ်လုပ်မှုဆီသို့ လွှဲပြောင်းပေးခဲ့ရပြီးနောက်၊ အိန္ဒိယနိုင်ငံသည် ပလတ်စတစ်နှင့် ဆေးဝါးပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ရေနံဓာတုပစ္စည်းများအပေါ် ကောက်ခံသော သွင်းကုန်ခွန်ကို ပယ်ဖျက်လိုက်ကြောင်း သိရသည်။

ထုတ်ကုန် ၄၀ မျိုးအပေါ် သွင်းကုန်ခွန်ကင်းလွတ်ခွင့်သည် ဇွန်လ ၃၀ ရက်နေ့အထိ အကျုံးဝင်ကြောင်း ဧပြီလ ၃ ရက်နေ့ထုတ်ပြန်သည့် အစိုးရ၏ထုတ်ပြန်ချက်အရ သိရသည်။ အိန္ဒိယနိုင်ငံသည် ထိုကဲ့သို့သော ရေနံဓာတုမှဆင်းသက်လာပစ္စည်းများကို အဓိကတင်သွင်းနေရသည့် နိုင်ငံဖြစ်သော်လည်း၊ အရည်ပျော်ရေနံဓာတ်ငွေ့ (LPG)၊ နက်ဖ်သာ (Naphtha)နှင့် အီသိန်း (Ethane) ကဲ့သို့သော ကုန်ကြမ်းများကို အသုံးပြု၍ ပြည်တွင်း၌လည်း ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အီရန်နိုင်ငံအပေါ် အမေရိကန်-အစ္စရေး တိုက်ခိုက်မှုများဖြစ်ပွားပြီး ရက်ပိုင်းအကြာတွင်၊ အိန္ဒိယအစိုးရသည် ပြည်တွင်း၌ ထုတ်လုပ်သောရေနံဓာတုအစိတ်အပိုင်းများကို အဓိကအားဖြင့် ချက်ပြုတ်ဂက်စ်အဖြစ် အသုံးပြုသည့် LPG ထုတ်လုပ်မှုသို့ လွှဲပြောင်းအသုံးပြုရန် ကုမ္ပဏီများကို အမိန့်ကြေညာခဲ့ကြောင်း သိရသည်။

အိန္ဒိယသည် ကမ္ဘာပေါ်တွင် LPG ဒုတိယအများဆုံး တင်သွင်းသည့် နိုင်ငံဖြစ်ပြီး၊ ၎င်း၏လိုအပ်ချက် ၆၀ ရာခိုင်နှုန်းခန့်ကို ပြည်ပမှဝယ်ယူမှုများဖြင့် ဖြည့်ဆည်းနေရကြောင်း သိရသည်။ အဆိုပါလမ်းကြောင်း ပြောင်းလဲလိုက်ခြင်းသည် ကုန်ကြမ်း ရရှိမှုနည်းပါးခြင်း၊ ဈေးနှုန်းမြင့်တက်လာခြင်းနှင့် အပိုကြေးများ ပိုမိုပေးဆောင်ရခြင်းတို့နှင့် ရုန်းကန်နေရသည့် ရေနံဓာတု ထုတ်လုပ်သူများအပေါ် ဖိအားများဖြစ်စေခဲ့ကြောင်း သိရသည်။ အာရှတစ်လွှားရှိ ပလတ်စတစ်နှင့်ထုပ်ပိုးပစ္စည်း ထုတ်လုပ်သူများသည်လည်း ရေနံဓာတုစက်ရုံများ၏ ထုတ်ကုန်အပေါ်သက်ရောက်မှုရှိနေသည့် မြင့်တက်လာသော အပိုကြေးများနှင့် ရင်ဆိုင်နေကြရပြီဖြစ်ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/64890

## ၅ နှစ်တာကာလအတွင်း ကမ္ဘောဒီးယား၏ ပီလောပီနံတင်ပို့မှုနှစ်ဆမြင့်တက်လာ

ပီလောပီနံသည် ကမ္ဘောဒီးယား၏ ပြည်ပသို့တင်ပို့နေသည့် လယ်ယာထွက်ကုန်များအနက် တင်ပို့မှုအများဆုံးအလားအလာရှိသည့် သီးနှံတစ်ခုဖြစ်လာကြောင်းသိရသည်။ ၂၀၂၅ ခုနှစ်တွင် ပီလောပီနံအစို၊ အခြောက်အပါအဝင် ပီလောပီနံအမှုန့်တို့အား နိုင်ငံတကာဈေးကွက်သို့တင်ပို့ခဲ့ပြီး ဒေါ်လာသန်း ၇၀၀ ကျော်ရရှိခဲ့ကြောင်း ကမ္ဘောဒီးယား၊ စီးပွားကူးသန်းဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

၂၀၂၀ ပြည့်နှစ်မှစတင်၍ ပီလောပီနံအထွက်နှုန်း သိသာစွာမြင့်တက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ပီလောပီနံစိုက်ပျိုးမြေနေရာ ၆၆၃,၉၂၉ ဟက်တာရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် မြေနေရာ ၇၇၄,၈၄၃ ဟက်တာအထိရှိလာကြောင်း၊ အထွက်နှုန်းအနေဖြင့် တန်ချိန် ၁၂ ဒသမ ၆၈ သန်းမှ တန်ချိန် ၁၅ ဒသမ ၉၅ သန်း အထိတိုးလာကြောင်း ပြီးခဲ့သည့်ရက်သတ္တပတ်က ထုတ်ဝေခဲ့သည့် iTrade Bulletin တွင် ဖော်ပြထားသည်။

လက်ရှိကမ္ဘောဒီးယားတွင် ပီလောပီနံထုတ်ကုန်ထုတ်လုပ်သည့်စက်ရုံ ၁၆ ခုရှိပြီး နိုင်ငံတကာ ဈေးကွက်သို့ ကုမ္ပဏီ ၂၀ ကျော်က တင်ပို့လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၅ ခုနှစ် အတွင်း ပီလောပီနံ တင်ပို့မှု ၂၀၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ပီလောပီနံအစိုနှင့် အခြောက်တင်ပို့မှု ၂၁၆ ရာခိုင်နှုန်းမြင့်တက်လာပြီး ပီလောပီနံအမှုန့်တင်ပို့မှု ၇၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ပီလောပီနံအစိုနှင့်အခြောက်ကို အဓိကဦးဆောင်တင်ပို့နေသည့် ကမ္ဘာ့နိုင်ငံများအနက် ကမ္ဘောဒီးယားသည် ထိပ်တန်းနိုင်ငံတစ်ခုဖြစ်ကာ ပြည်ပတင်ပို့မှုမှ ဒေါ်လာသန်း ၆၉၀ ရရှိခဲ့ပြီး ကမ္ဘာ့ဈေးကွက်၏ ၃၄ ဒသမ ၇ ရာခိုင်နှုန်းရရှိထားကြောင်း သိရသည်။ ကမ္ဘောဒီးယားသည် ပီလောပီနံအမှုန့် တင်ပို့မှုတွင် စတုတ္ထနေရာ၌ ရပ်တည်နေပြီး ဒေါ်လာ ၂၈ သန်းနီးပါးရရှိခဲ့ကာ ကမ္ဘာ့ဈေးကွက်၏ သုည ဒသမ ၉ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားကြောင်းသိရသည်။

ပီလောပီနံ အစိုနှင့် အခြောက်အား ဗီယက်နမ်၊ ထိုင်း၊ ဟောင်ကောင်နှင့် မလေးရှားနိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိပြီး ပီလောပီနံအမှုန့်အား တရုတ်၊ ဗီယက်နမ်၊ အမေရိကန်ပြည်ထောင်စု၊ နယ်သာလန်၊ ကနေဒါ၊ စင်ကာပူနှင့် အီတလီနိုင်ငံများသို့ အများဆုံးတင်ပို့လျက်ရှိကြောင်း သိရသည်။ ၂၀၃၀ ပြည့်နှစ်ကုန်အထိ ပီလောပီနံတင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံနှင့် ပီလောပီနံအမှုန့် တင်ပို့မှုမှ ဒေါ်လာ ၂၆ သန်း အသီးသီးရရှိနိုင်ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနက ခန့်မှန်းထားသည်။ ပီလောပီနံအား စားသောက်ကုန်အမျိုးမျိုးတွင် အသုံးပြုလျက်ရှိပြီး ပီလောပီနံမှထွက်ရှိသည့် စွန့်ပစ်ကုန်ကြွင်းအား တိရစ္ဆာန်အစားအစာ၊ သဘာဝဓာတ်မြေသြဇာ၊ ဇီဝလောင်စာနှင့် ဇီဝနည်းပညာထုတ်ကုန်အမျိုးမျိုးတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လထုတ် Government's Industrial Development Policy (၂၀၁၅-၂၀၂၅) နှင့် ကိုက်ညီမှုရှိစေရန်၊ ပီလောပီနံထုတ်လုပ်မှုတိုးတက်လာစေရန်နှင့် ပြည်ပတင်ပို့မှု ဈေးကွက်အလားအလာ ပိုမိုရရှိစေရန်အတွက် ကမ္ဘောဒီးယားတွင် National Cassava Policy (၂၀၂၀-၂၀၂၅) ကိုထုတ်ပြန်ကြေညာထားကြောင်း သိရသည်။ အဆိုပါ မူဝါဒအား စီးပွားကူးသန်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တို့ ပူးပေါင်းရေးဆွဲထားပြီး စီးပွားရေးတိုးတက်စေရန်၊ ဆင်းရဲမှုလျော့ချရန်နှင့် Government's Industrial Development Policy ၏ ပန်းတိုင်များ ပြည့်မီစေရန် မျှော်မှန်းထားခြင်းဖြစ်ကြောင်း သိရသည်။

Source: Phnom Penh post, 30 March 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/64815

## မြန်မာနှင့် လာအိုသို့ စက်သုံးဆီတင်ပို့မည်ဖြစ်ကြောင်း ထိုင်းအစိုးရ ရှင်းလင်းပြောကြား

စက်သုံးဆီအရောင်းဆိုင်များ၌ ဆီပြတ်လပ်မှုကို ပြည်သူများကြုံတွေ့နေရပြီး အစိုးရသည်လည်း စွမ်းအင်ဆိုင်ရာအရေးပေါ်အစီအမံများနှင့် ညွှန်ကြားချက်များကို ဆက်တိုက်ထုတ်ပြန်လျက် အကျပ်အတည်း စီမံခန့်ခွဲမှုပြုနေရချိန်တွင် ထိုင်းနိုင်ငံအနေဖြင့် ယင်းအခြေအနေကို မည်သို့ကိုင်တွယ်မည်ဆိုသည်မှာ အလေးထားရမည့်ကိစ္စတစ်ရပ် ဖြစ်လာသည်။

အကယ်၍ အရှေ့အလယ်ပိုင်းဒေသ၌ စစ်ပွဲဖြစ်ပွားမှုကြာမြင့်ပါက ယင်းဒေသမှ ရေနံထုတ်လုပ်မှုနှင့် Hormuz ရေလက်ကြားမှ ဖြတ်သန်းတင်ပို့မှုတို့ကိုထိခိုက်ပြီး စက်သုံးဆီပြတ်လပ်နိုင်ခြေရှိသည့်အပေါ် လာအိုနှင့်မြန်မာနိုင်ငံတို့မှအပ အခြားနိုင်ငံများသို့ စက်သုံးဆီတင်ပို့ရောင်းချမှုတားမြစ်ပိတ်ပင်သည့် အမိန့်တစ်ရပ်ကို ထိုင်းဝန်ကြီးချုပ် Anutin Charnvirakul က

လက်မှတ်ရေးထိုး ထုတ်ပြန်ထားပြီးဖြစ်သည်။ ထိုသို့ အကျပ်အတည်းရင်ဆိုင်နေရချိန်၌ မည်သည့်အတွက်ကြောင့် မြန်မာနှင့် လာအိုသို့ နေ့စဉ် စက်သုံးဆီလီတာ ငါးသန်းခန့် ဆက်လက်တင်ပို့ခွင့်ပြုနေသည်ကို မေးခွန်းထုတ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

သို့ရာတွင် အရှေ့အလယ်ပိုင်းဒေသ စစ်ပွဲအပေါ်စောင့်ကြည့်လေ့လာသုံးသပ်သည့် အစိုးရဌာနက သတင်းစာရှင်းလင်းပွဲ တစ်ရပ်ပြုလုပ်ခဲ့အပြီး၌ ယင်းကိစ္စနှင့်ပတ်သက်၍ ပိုမိုရှင်းလင်းမှုရှိလာခဲ့သည်။ ထိုင်းနိုင်ငံအနေဖြင့် အဆိုပါနှစ်နိုင်ငံနှင့် စာချုပ်ချုပ်ဆို၍ ကတိကဝတ်ထားရှိမှုများအပြင် စွမ်းအင်စီမံခန့်ခွဲမှုမဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသအဖြစ် ထိုကဲ့သို့ စက်သုံးဆီများ ဆက်လက်တင်ပို့ရောင်းချရန် ခွင့်ပြုထားခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် LNG ဓာတ်ငွေ့ဈေးနှုန်းသည် စွမ်းအင်ယူနစ် BTU တစ်သန်းလျှင် အမေရိကန်ဒေါ်လာ ၁၀ နှုန်းမှ အမေရိကန်ဒေါ်လာ ၂၅ နှုန်းသို့ မြင့်တက်ခဲ့ပြီးနောက် စက်သုံးဆီဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်သည် သိသာစွာ မြင့်မားလာနိုင်ကြောင်း ၎င်းဌာနက ပြောဆိုခဲ့သည်။

အမျိုးသား စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကောင်စီ (National Economic and Social Development Council - NESDC)၏ အထွေထွေအတွင်းရေးမှူး Danucha Pichayanan က အိမ်နီးချင်း နှစ်နိုင်ငံဖြစ်သော လာအိုနှင့် မြန်မာသို့သာ စက်သုံးဆီတင်ပို့မှုကို ကန့်သတ်ထားရှိဆောင်ရွက်ကြောင်း၊ လက်ရှိကာလတွင် နေ့စဉ်တင်ပို့မှုပမာဏကို လီတာ ၅ သန်းထက် မပိုစေဘဲ ကန့်သတ်ထားပြီး လာအိုသို့ စက်သုံးဆီ လီတာ ၄ သန်းကျော်နှင့် မြန်မာသို့ လီတာ ၃၀၀,၀၀၀ ခန့်သာ နေ့စဉ်တင်ပို့ကြောင်း၊ ထိုင်းနှင့် လာအိုနိုင်ငံတို့အကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် လာအိုထံမှ ရေအားလျှပ်စစ်တင်သွင်းမှုအစီအစဉ်အရ ၎င်းတို့အနေဖြင့် လာအိုသို့ စက်သုံးဆီဆက်လက်တင်ပို့ရန် လိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အကယ်၍ ကမ္ဘာ့ LNG ဓာတ်ငွေ့ဈေးနှုန်းများ ဆက်လက်မြင့်တက်လာပါက ထိုင်းနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရာ၌ သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးတို့ကို ပေါင်းစပ်အသုံးပြုသည့် စွမ်းအင်ရောနှောမှုစနစ်မှတစ်ဆင့် ချိန်ညှိဆောင်ရွက်ရန်လိုအပ်ဖွယ်ရှိသည်။ သို့ဖြစ်ရာ ရှေ့လာမည့်ကာလများတွင် သဘာဝဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာပါက ပျမ်းမျှလျှပ်စစ် ဓာတ်အားခဈေးနှုန်းကိုလျှော့ချနိုင်ရန်အတွက် ရေအားဖြင့်ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားကို ပိုမိုတင်သွင်းလာရဖွယ်ရှိသည်။ ဤအခြေအနေက ထိုင်းနိုင်ငံအတွက် ၎င်း၏ အိမ်နီးချင်းထံသို့ စက်သုံးဆီပံ့ပိုးမှု ဆက်လက်လုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံသို့ စက်သုံးဆီဆက်လက်ရောင်းချတင်ပို့ခွင့်ပြုရသည့် အကြောင်းအရင်းမှာမူ မြန်မာဘက်မှ ထုတ်လုပ်တင်ပို့မှုအပါအဝင် သဘာဝဓာတ်ငွေ့ကို ပိုက်လိုင်းသွယ်တန်း၍ တင်သွင်းနေရသောကြောင့် ဖြစ်သည်။ ထိုသို့တင်သွင်းလာသည့် သဘာဝဓာတ်ငွေ့ဖြင့် Ratchaburi ဒေသရှိ လျှပ်စစ်ဓာတ်အားစက်ရုံကိုလည်ပတ်လျက် နိုင်ငံ၏အလယ်ပိုင်းနှင့် တောင်ပိုင်းနယ်မြေဒေသများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးလျက် ရှိသည်။ အဆိုပါ လုပ်ငန်းနယ်ပယ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုအရ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ စက်သုံးဆီတင်ပို့မှုကို ဆက်လက်လုပ်ဆောင်ရန်ရှိကြောင်း The Nation သတင်းဌာနက ဖော်ပြထားသည်။

Source: The Nation Thailand, 29 March 2026(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့) , Source: https://www.doca.gov.mm/my/node/64805

## ၂၀၂၆ ခုနှစ်အစောပိုင်းတွင် ကင်းမွန်နှင့် ရေဘဝဲတင်ပို့မှုအားကောင်းခဲ့သည့် ဗီယက်နမ်

ဗီယက်နမ်နိုင်ငံ၏ ကင်းမွန်နှင့် ရေဘဝဲပို့ကုန်တန်ဖိုးသည် ၂၀၂၆ ခုနှစ် ပထမ ၂ လအတွင်း အမေရိကန်ဒေါ်လာ ၁၁၁ သန်းကျော်ရရှိခဲ့ပြီး ယခင်နှစ်တူညီသည့်ကာလနှင့် နှိုင်းယှဉ်ပါက ၂၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ ၎င်းသည် ဤကဏ္ဍအတွက် ကောင်းမွန်သည့်စတင်မှုတစ်ခုဖြစ်သကဲ့သို့ များစွာသောဈေးကွက်များတွင် ဝယ်လိုအား ပြန်လည်မြင့်တက်လာနေသည်ကိုလည်း ဖော်ပြနေကြောင်း သိရသည်။ ထုတ်ကုန်ဖွဲ့စည်းပုံအရ ကင်းမွန်များသည် ကြီးထွားမှု၏အဓိကမောင်းနှင်အားအဖြစ် ပေါ်ထွန်းလာကြောင်း သိရသည်။ ဗီယက်နမ်သည် ကင်းမွန်တင်ပို့မှုမှဝင်ငွေ အမေရိကန်ဒေါ်လာ ၆၄ သန်းကျော်ရရှိကာ ၃၀ ရာခိုင်နှုန်းနီးပါးမြင့်တက်ခဲ့ပြီး ရေဘဝဲတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၄၇ သန်းကျော်ဖြင့် ၁၆ ရာခိုင်နှုန်းကျော်မြင့်တက်ခဲ့ကြောင်း သိရသည်။ ထိုတိုးတက်မှုအရ ရေတိုကာလအတွင်း ကင်းမွန်ထုတ်ကုန်များအတွက် ဝယ်လိုအားပြန်လည်နာလန်ထူမှု မြန်ဆန်နေသည်ကို ပြသနေကြောင်း သိရသည်။

ဈေးကွက်အလိုက်ဆိုပါက အာရှဒေသသည် တိုးတက်မှုအတွက် အဓိကမောင်းနှင်အားအဖြစ် ဆက်လက်တည်ရှိနေကြောင်း သိရသည်။ တောင်ကိုရီးယားသည် ဒေါ်လာ ၄၂ သန်းနီးပါးဖြင့် အကြီးမားဆုံး တင်သွင်းသူအဖြစ်ရပ်တည်နေပြီး ၂၃

ရာခိုင်နှုန်းနီးပါးမြင့်တက်ခဲ့ကြောင်း သိရသည်။ ၎င်း၏နောက်တွင် ဂျပန်နိုင်ငံသည် ဒေါ်လာ ၂၆ သန်းနီးပါးဖြင့် ၈ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် တရုတ်နိုင်ငံသို့တင်ပို့မှုမှာ ၈၅ ရာခိုင်နှုန်းကျော်နှင့် ထိုင်းနိုင်ငံသို့တင်ပို့မှုမှာ ၄၁ ရာခိုင်နှုန်းကျော် အသီးသီးမြင့်တက်လာခဲ့ခြင်းကြောင့် ဒေသတွင်းဝယ်လိုအား တိုးတက်လာနေမှုကို ထင်ရှားစွာမြင်တွေ့နိုင်ကြောင်း သိရသည်။ သို့သော် ဥရောပသမဂ္ဂသို့တင်ပို့မှုမှာ ၁၄ ဒသမ ၅ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် တိုးတက်ကောင်းမွန်သော အခြေအနေများရှိနေသော်လည်း စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်နေရကြောင်း သိရသည်။ အရှေ့အလယ်ပိုင်းဒေသရှိ တင်းမာမှုများကြောင့် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်မြင့်တက်နိုင်ခြင်းနှင့် ပို့ဆောင်ချိန်ကြာရှည်နိုင်ခြင်းတို့ ဖြစ်ပေါ်နေကြောင်း သိရသည်။

ထို့ပြင် လောင်စာဆီဈေးနှုန်း မြင့်မားနေခြင်းကြောင့် ငါးဖမ်းလုပ်ငန်း၏ ကုန်ကျစရိတ်များတိုးလာကာ ငါးဖမ်းသမားများနှင့် ကုန်ကြမ်းထောက်ပံ့မှုအပေါ် ဖိအားများဖြစ်ပေါ်စေလျက်ရှိကြောင်း သိရသည်။ ပြည်တွင်းကုန်ကြမ်းထောက်ပံ့မှု မတည်ငြိမ်မှုများကြောင့်လည်း ပို့ကုန်မှာယူမှုများကို ပြည့်မီစေရန် အခက်အခဲများရှိနေကြောင်း သိရသည်။ ထို့ပြင် ဥရောပသမဂ္ဂမှ ချမှတ်ထားသော တရားမဝင်သော၊ အစီရင်မခံထားသောနှင့် စည်းကမ်းမလိုက်နာသော ငါးဖမ်းမှု (IUU) နှင့် ပတ်သက်သည့်“အဝါကတ်”သတိပေးချက်သည် လုပ်ငန်းနယ်ပယ်၏ ဂုဏ်သိက္ခာနှင့် ဈေးကွက်တိုးချဲ့မှုအပေါ် အဓိကအတားအဆီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေကြောင်း သိရသည်။ ထိုအခြေအနေတွင် စီးပွားရေးလုပ်ငန်းများအား ကုန်ကျစရိတ်ပြောင်းလဲမှုများကို လိုက်လျောညီထွေပြောင်းလဲရန်၊ ကုန်ကြမ်းရင်းမြစ်များမျိုးစုံချဲ့ထွင်ရန်နှင့် အာရှဈေးကွက်များတွင်ရှိနေသော အခွင့်အလမ်းများကို ထိရောက်စွာအသုံးချရန် အကြံပြုထားကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/64781

## အိန္ဒိယအစိုးရအနေဖြင့် ဓာတ်မြေသြဇာတင်သွင်းမှု အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိ

အနောက်အာရှဒေသ၌ ဆက်လက်ဖြစ်ပွားနေသော ပထဝီနိုင်ငံရေး မသေချာမရေရာမှုများကြားတွင် ဓာတ်မြေသြဇာရရှိနိုင်မှုကို ခိုင်မာအားကောင်းလာစေရန်ရည်ရွယ်၍ လှုပ်ရှားမှုတစ်ခုအဖြစ် အိန္ဒိယနိုင်ငံ ပိုတက်ရှ်နှင့် ဓာတ်မြေသြဇာတင်သွင်းဖြန့်ဖြူးရေးကုမ္ပဏီ(Indian Potash Limited- IPL)က ၂၀၂၆ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ထုတ်ပြန်သည့် တရားဝင်ကြော်ငြာစာအရ ယူရီးယား(အလုံးကြီး)နှင့် ယူရီးယား (အလုံးသေး)အမြောက်အမြားတင်သွင်းရန်အတွက် ကမ္ဘာလုံးဆိုင်ရာ တင်ဒါတစ်ခု ခေါ်ယူခဲ့ကြောင်း သိရသည်။

အဆိုပါတင်ဒါသည် အိန္ဒိယနိုင်ငံ၊ ဓာတ်မြေသြဇာဌာန၏ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းအဖြစ်ရှိနေပြီး အဓိကစိုက်ပျိုးရေးသွင်းအားစုများကို အဟန့်အတားမရှိထောက်ပံ့နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ဓာတ်မြေသြဇာထုတ်လုပ်မှုနှင့် တင်ပို့မှုအတွက် အဓိကကျသည့်အနောက်အာရှဒေသရှိ အကျပ်အတည်းကြောင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များ ဖိအားခံနေရချိန်တွင်လည်းဖြစ်သည်။

တင်ဒါအရ IPL သည် ယူရီးယား တန်ချိန် ၂ ဒသမ ၅ သန်းခန့် ဝယ်ယူရန် စီစဉ်ထားသည်။ ၎င်းအနက် တန်ချိန် ၁ ဒသမ ၅ သန်းခန့်ကို အနောက်ဘက်ကမ်းရှိ ဆိပ်ကမ်းများမှတစ်ဆင့် ဖြန့်ဖြူးမည်ဖြစ်ပြီး တန်ချိန် ၁ သန်းကို အရှေ့ဘက်ကမ်းရှိ ဆိပ်ကမ်းများအတွက် သတ်မှတ်ပြီး နိုင်ငံတစ်ဝန်း မျှတသော ဒေသဆိုင်ရာ ဖြန့်ဖြူးမှုကို သေချာစေသည်။

အဆိုပါ တင်ဒါကို ထုတ်လုပ်သူများ၊ ကုန်ထုတ်လုပ်သူများနှင့် ကုန်သွယ်ရေးကုမ္ပဏီများ အပါအဝင် ကျယ်ပြန့်သော နိုင်ငံတကာ ပါဝင်သူများအတွက် ဖွင့်လှစ်ထားကြောင်း သိရသည်။ စိတ်ပါဝင်စားသည့် လေလံဆွဲသူများသည် တင်ဒါစာရွက်စာတမ်းတွင် ဖော်ပြထားသော နည်းပညာဆိုင်ရာ သတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီ ဧပြီလ ၁၅ ရက်နေ့ တွင် ၎င်းတို့၏ ကမ်းလှမ်းချက်များကို တင်သွင်းရန် တောင်းဆိုထားသည်။

ယင်းကဲ့သို့ ကြိုတင်ပြင်ဆင် ဝယ်ယူမှုအစီအမံများသည် အိန္ဒိယ၏ စိုက်ပျိုးရေးကဏ္ဍကို ကမ္ဘာလုံးဆိုင်ရာ မတည်ငြိမ်မှုများမှကာကွယ်ရန် ကျယ်ပြန့်သောမဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ယုံကြည်ရသည်။ ဗဟိုအစိုးရသည် ဓာတ်မြေသြဇာထောက်ပံ့မှုအခြေအနေများကို အနီးကပ်စောင့်ကြည့်နေပြီး ကြားခံသိုလှောင်ရုံများ ထိန်းသိမ်းရန်အတွက် တင်သွင်းမှုများ တိုးမြှင့်လျက် အဓိကစိုက်ပျိုးရာသီများတွင် တောင်သူများ ထိခိုက်ခြင်းမရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယ၏ ဓာတ်မြေသြဇာ ထောက်ပံ့ရေးကွင်းဆက်တွင် အဓိကအဖွဲ့အစည်းဖြစ်သည့် IPL သည် ဓာတ်မြေသြဇာဌာန၏ စီမံခန့်ခွဲမှုအောက်တွင်လည်းပတ်လျက်ရှိပြီး အထူးသဖြင့် ယူရီးယားနှင့် ပိုတက်ရှ်တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဈေးကွက်ရှာဖွေ

ခြင်းတို့တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အဆိုပါကုမ္ပဏီသည် ပြည်တွင်းထုတ်လုပ်မှုနှင့် ဝယ်လိုအားကြား ကွာဟချက်ကို ဖြည့်ဆည်းရန်အတွက် ပုံမှန်အားဖြင့် ကြီးမားသော ကမ္ဘာလုံးဆိုင်ရာ တင်ဒါများကို ခေါ်ယူလေ့ရှိကြောင်း သိရသည်။

အဆိုပါကုမ္ပဏီအနေဖြင့် ကျယ်ပြန့်သော ဖြန့်ဖြူးရေးကွန်ရက်ဖြင့် ကုန်စည်ပို့ဆောင်ရေးကို လွယ်ကူချောမွေ့စေပြီး အစားအစာဖူလုံရေးနှင့် လယ်ယာထွက်ကုန်၊ ကုန်ထုတ်စွမ်းအားအတွက် အစိုးရ၏ ကတိကဝတ်ကို အားဖြည့်ပေးလျက်ရှိကြောင်း သိရသည်။ နောက်ဆုံးထုတ်ပြန်ထားသည့် တင်ဒါသည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်စီးဆင်းမှုကို သက်ရောက်မှုရှိစေပြီး အဓိကသွင်းအားစုများ ဖူလုံမှုရှိစေရန် အိန္ဒိယ၏ မဟာဗျူဟာမြောက်သော ချဉ်းကပ်မှုကို အလေးပေါ်စေကြောင်း သိရသည်။

Source: India’s News Net, 5 April 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), https://www.doca.gov.mm/my/node/65022

Source: https://myantrade.gov.mm/article/naypyitaw_20042026%201500

## ပြည်တွင်းကုန်သွယ်မှုသတင်း

### စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများအားတွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြား

၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် နေပြည်တော်၊ ရုံးအမှတ်-၃၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည့် ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများအား လမ်းညွှန်အမှာစကားပြောကြားသည့် အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာ စကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် ယခုအခါ ဒီမိုကရေစီအစိုးရအသစ်ကို ဖွဲ့စည်းပြီး နိုင်ငံတော်မှချမှတ်ထားသောမူဝါဒများနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များဖြစ်သည့် နိုင်ငံနှင့်ကိုက်ညီသည့် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ ပြည်ပရောင်းတန်းဝင်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ကုန်ထုတ်လုပ်သူများအား အားပေးဆောင်ရွက်သွားရေးနှင့် ပို့ကုန်တိုးမြှင့်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကုန်သွယ်မှုကဏ္ဍတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်ရေးကိုလည်း ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကုန်သွယ်မှု မူဝါဒများကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေရေးနှင့် ရေရှည်တည်တံ့သော ကုန်သွယ်မှုပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖော်ဆောင်ပေးရေးတို့ကို အလေးထား ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားလိုကြောင်း ပြောကြားသည်။

ပြည်တွင်း စားသုံးဆီဖူလုံမှုရှိစေရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်စသည့် သီးနှံများအပါအဝင် စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သည့်သွင်းအားစုများ၊ လယ်ယာသုံးစက်ပစ္စည်းများကို တင်သွင်းနိုင်ရေး ပံ့ပိုးကူညီပေးသွားရမည် ဖြစ်ကြောင်း သိရသည်။

စားသုံးသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ပေးရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများ လုံခြုံစိတ်ချမှုရှိစေရေး၊ ကုန်စည်အရည်အသွေးဆိုင်ရာစိစစ်ကြပ်မတ်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်ရန် မှာကြားလိုကြောင်းပြောကြားသည်။

စီးပွားရေးဂေဟစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီကောင်းမွန်သည့်မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ပေးရေးဥပဒေများပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ၎င်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၅ နှစ်တာကာလအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများရရှိခဲ့ပြီး ဆက်လက်တိုးတက်မှုရရှိအောင် သက်ဆိုင်သည့် အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ကော်ဖီ၊ သီဟိုဠ်၊ သရက်၊

ဒူးရင်း၊ ထောပတ်စသည့် လယ်ယာထွက်ကုန်ပစ္စည်းများအား တန်းဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးချဲ့တင်ပို့နိုင်ရေး၊ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေးနှင့် ဈေးကွက်ရရှိနိုင်ရေးတို့အတွက် ပြည်ပနိုင်ငံများသို့စေလွှတ်ထားသည့် စီးပွားရေးသံမှူးများကို တာဝန်ပေးပြီး ချိတ်ဆက်ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Source: https://commerce.gov.mm/my/article/minister-news/32895

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဝန်ထမ်းများနှင့် တွေ့ဆုံကာ အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် နေပြည်တော်၊ ရုံးအမှတ် (၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ(၂) ၌ကျင်းပပြုလုပ်သည့် ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအား အသေးစိတ်ထပ်ဆင့် ရှင်းလင်းပြီး နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများတွင်ပါရှိသောလမ်းညွှန်မှာကြားမှုများကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုကာလသည် မြန်မာ့နှစ်သစ်ကူးအချိန်အခါသမယဖြစ်သည့်အပြင် ဒီမိုကရေစီအစိုးရသစ်တစ်ရပ်လည်း ပေါ်ထွန်းလာပြီ ဖြစ်သကဲ့သို့ လွှတ်တော်များလည်း ပြန်လည်အသက်ဝင်လာကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီကြိုးပမ်း ဆောင်ရွက်ရမည့် အချိန်ကာလဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် အားလျော်စွာ စိတ်သစ်၊ လူသစ်၊ အင်အားသစ်များဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် မိမိတို့၏ လုပ်ငန်းတာဝန်များကို တက်တက်ကြွကြွ ကျေပွန်စွာထမ်းဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်းသည် ဝန်ထမ်းတိုင်း၏ အခြေခံအကျဆုံး တာဝန်တစ်ရပ်ဖြစ်ကာ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန် သော အုပ်ချုပ်မှုယန္တရား ဖြစ်ပေါ်လာစေရန်အတွက် အဂတိလိုက်စားမှုများမဖြစ်ပေါ်စေရေး တာဝန်ရှိသူအဆင့်ဆင့်မှ စနစ်တကျထိန်းသိမ်း ကြပ်မတ်သွားကြရန် ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးကပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်ကြရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာအခြေခံကျသည့်အုတ်မြစ်တစ်ခုဖြစ်ကြောင်း၊ ယင်းသို့နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ဆောင်ရွက်ကြရာမှာ မိမိတို့ဝန်ကြီးဌာနသည် ပြည်တွင်းကုန်ထုတ်လုပ်မှုကို ပူးပေါင်းဆောင်ရွက်ရန်နှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းစဉ်များတွင် ကြန့်ကြာမှုမရှိစေဘဲ လွယ်ကူချောမွေ့စေရန် အလေးထားဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ခေတ်မီနည်းပညာများကိုအသုံးပြု၍ ဝန်ဆောင်မှုများကိုပိုမိုမြန်ဆန်အောင် ခေတ်နှင့်အညီပြုပြင်ပြောင်းလဲဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် အမြဲမပြတ် ထိတွေ့ပြီး ဟန်ချက်ညီညီချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ပြည်ပဈေးကွက်သို့ မြန်မာ့ထုတ်ကုန်များ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ပြည်ပဈေးကွက်သစ်များ ရှာဖွေရမည်ဖြစ်ကြောင်း၊ စားသုံးသူများ၏ အခွင့်အရေးကာကွယ်ပေးရေး၊ မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ပေးရေးတို့ကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားပါသည်။

၎င်းနောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမင်းမင်းနှင့် ဦးဝင်းမြင့်ခိုင်တို့ကလည်း ဝန်ထမ်းများအား လိုအပ်သည်များမှာကြားပါသည်။

ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် ပြည်ပရှိ စီးပွားရေးသံမှူးများ စုစုပေါင်း ၅၇၂ ဦးတို့က In person/ Virtual တို့ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Source: https://commerce.gov.mm/my/article/minister-news/32899

## ရန်ကုန်မြို့ Lotte Hotel ၌ The 2 nd ASEAN Rice Trade Summit 2026 အခမ်းအနားကျင်းပ

The 2 nd ASEAN Rice Trade Summit 2026 အခမ်းအနားကို ၂၀၂၆ ခုနှစ် ဧပြီလ ၄ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ Lottle Hotel တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဦးစွာ Azalea Stars အဖွဲ့က မြန်မာ့ယဉ်ကျေးမှုအကအလှများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (MYANTRADE)ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်း တို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ယင်းနောက် Combodia Rice Federation၊ အထွေထွေအတွင်းရေးမှူးချုပ်၊ Lao National Chamber of Commerce and Industry (Lao NCCI)၊ တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ်၊ Thai Rice Exporters Association (TREA)၊ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ၊ Vietnam Food association (VFA)၊ ဥက္ကဋ္ဌတို့က ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ ဒေသတွင်း ဆန်စပါးဈေးကွက်အခြေအနေများ၊ လတ်တလောဖြစ်ပေါ်ပြောင်းလဲနေမှုများနှင့် ပတ်သက်၍ SS Rice News တို့မှ တာဝန်ရှိသူများက ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များကို ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြသထားသည်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ Source: မြန်မာ့အလင်းသတင်းစာ

## ငါး၊ ပုစွန်သားပေါက်ပွားသည့် ရာသီချိန်တွင် ငါးနှင့်သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် ကမ်းဝေးငါးဖမ်းရေယာဉ်များ ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာများသတ်မှတ်

ငါး၊ ပုစွန်သားပေါက်ပွားသည့် ရာသီချိန်၌ငါးနှင့် သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအတွင်းကမ်းဝေးငါးဖမ်းရေယာဉ်များကို ဧပြီ ၁ ရက်မှစတင်ကာ ငါးမဖမ်းရကာလသုံးလ သတ်မှတ်ဆောင်ရွက်ခဲ့ရာ ငါးဖမ်းရေယာဉ်များ ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

"ငါးမဖမ်းရ ရာသီ၊ ငါးမဖမ်းရ ကာလ, ငါးမဖမ်းရ ဧရိယာများ သတ်မှတ်ရတဲ့ အဓိကအကြောင်းရင်းက ငါးမျိုးပြုန်းတီးမှုကာကွယ်ဖို့၊ ငါးသယံဇာတတွေတိုးပွားလာဖို့အတွက် ရည်ရွယ်ပြီးတော့ ငါးတွေပေါက်ပွားနိုင်တဲ့ရာသီမှာ ထိန်းသိမ်းတဲ့အနေနဲ့ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တာက သုတေသနရလဒ်တွေအပေါ်မှာ အခြေခံပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက ပြောသည်။

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံးကို ငါးနှင့် သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရ ဧရိယာများအတွင်း ဧပြီလ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်အထိ ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် တားမြစ်ထားရှိပြီး မတ်လ ၃၁ ရက်နောက်ဆုံးထားရှိ၍ ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက ညွှန်ကြားထားခဲ့သည်။

ငါးမဖမ်းရ ရာသီ၊ ငါးမဖမ်းရ ကာလ စတင်သတ်မှတ်ချက်များကို ညွှန်ကြားချက်များထုတ်ပြန်ဆောင်ရွက်ခြင်းအပေါ် ငါးဖမ်းလှေများအနေဖြင့် ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်ရမည်ဖြစ်ပြီး အကယ်၍ ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်လာခြင်းမရှိပါက စည်းကမ်းပျက်သည့် ငါးဖမ်းလှေများကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငါးဖမ်းလှေများကို VMS ထိန်းချုပ်ရေးစင်တာမှ စောင့်ကြည့်လျက်ရှိရာ ပင်လယ်ပြင်၌ ငါးဖမ်းလှေများ ပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရသည်။

ငါးမဖမ်းရ ကာလ၊ ငါးမဖမ်းရ ဧရိယာများ သတ်မှတ်ဆောင်ရွက်ခြင်းသည် ငါးများပေါက်ပွားနိုင်သည့် ရာသီတွင် ငါးနှင့်သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရန် သုတေသနရလဒ်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ တနင်္သာရီကမ်းရိုးတန်း ပင်လယ်

ရေပြင်၏ ငါးနှင့် ငါးနေထိုင်ကျက်စားသည့် ရေအောက်ဇီဝဗေဒ အခြေအနေများနှင့် မြန်မာ့ငါးလုပ်ငန်းရေပြင်အတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စွာတည်ရှိစေရန် သုတေသနပညာရှင်များဖြင့် သုတေသနလုပ်ငန်းကို ဖေဖော်ဝါရီတွင် မီတာ၂၀ အောက် တနင်္သာရီကမ်းရိုးတန်းရေပြင်၌ ရက်ပေါင်း ၃၀ ကြာ ငါးသယံဇာတ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်။

တနင်္သာရီကမ်းရိုးတန်းရေပြင်တွင် မြိတ်ခရိုင်အခြေပြု ကမ်းဝေးငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသည့် ငါးဖမ်းရေယာဉ် ၁,၁၈၆ စင်းရှိကာ ရေလုပ်သားဖြင့် ရေလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။ ငါးသယံဇာတများကို ယခင်က မိရိုးဖလာဖမ်းဆီးရောင်းချခြင်း၊ စားသောက်ခြင်းများသာရှိခဲ့ပြီး ယနေ့အချိန်အခါတွင်ခေတ်စနစ်များပြောင်းလဲလာ၍နည်းပညာများတိုးတက်လာကာ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငါးသယံဇာတများကို ခေတ်မီနည်းပညာများဖြင့် ဖမ်းဆီးကြကာ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်း၊ ရေပေါ်ရေအောက် ငါးသယံဇာတများ မွေးမြူထုတ်လုပ်ခြင်း၊ အအေးခန်းစက်ရုံများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ဆောင်ရွက်လာကြကြောင်း သိရသည်။ Source: မြန်မာ့အလင်းသတင်းစာ

**ပြည်ပကုန်သွယ်မှုသတင်း**

## ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ ဒေါ်လာ ၈၆၁ သန်း ရရှိ

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပကို ဆန်နှင့်ဆန်ကွဲ တင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာ ၈၆၁ သန်း ရရှိခဲ့တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ စာရင်းများအရ သိရသည်။ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ပကို ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၇၄၀ သန်း ကျော် တင်ပို့နိုင်ခဲ့ခြင်း ဖြစ်သည်။

ပြည်ပကို ဆန်တင်ပို့ရာတွင် မဒါဂတ်စကား၊ ဖိလစ်ပိုင်၊ တရုတ်၊ ပိုလန်နှင့်စပိန်နိုင်ငံတို့ကို အများဆုံးတင်ပို့ခဲ့ပြီး ဆန်ကွဲကို တရုတ်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပိုလန်၊ စပိန်နှင့်ဗြိတိန်နိုင်ငံတို့ကို အများဆုံး တင်ပို့ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် တောင်သူလယ်သမားများဟာ နွေစပါးစိုက်ခင်းများကို အောင်ရေနှင့် ရိတ်သိမ်းရန်အတွက် လောင်စာဆီရရှိရန် အခက်အခဲရှိနေကြောင်း စပါးစိုက်တောင်သူအများစုက ပြောကြသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ညီနောင်ဖြစ်သည့် ဆန်စက်အသင်းနှင့် ဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူအသင်းများအနေဖြင့် စက်သုံးဆီဝယ်ယူပြီး တောင်သူများ၏ စက်သုံးဆီလိုအပ်ချက်ကို အတိုင်းအတာတစ်ခုအထိ ရရှိအောင်ဆောင်ရွက်ပေးနေပြီး ဆိုလာနှင့်ရေတင်ခြင်း၊ ရေသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်နေတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

ဆိုလာနှင့်ရေတင်ရေသယ်ခြင်းကို လုပ်ချင်သည့်တောင်သူများရှိရင်လည်း ကူညီပေးသွားမည်ဟု သိရသည်။ နိုင်ငံတကာဈေးကွက်ကို ညေ့မထ၊ ငစိန် အုပ်စုဝင်များဖြစ်သည့် ဆင်းသုခ၊ သီးထပ်ယဉ်၊ ရတနာတိုး၊ ငစိန် ရာကျော်၊ ကရင်မ၊ ထွန်းပု၊ ငွေတိုး၊ မင်းရော၊ ရွှေမန်း စသည့်ဆန်ကြမ်းများကို အဓိကတင်ပို့နေပြီး တရုတ်နိုင်ငံက ဈေးကွက်ဝေစု၏ ၅၀ ရာခိုင်နှုန်းလောက်ကို ရယူထားကြောင်း သိရသည်။

Source: https://onenewstvchannel.com

Source: https://myantrade.gov.mm/article/naypyitaw_09042026%201320

**အထူးဆောင်းပါးများ**

## ဆန်တင်ပို့မှု ဈေးကွက်ချဲ့ထွင်ရန် ဗီယက်နမ် ရှာဖွေနေ

ဗီယက်နမ်နိုင်ငံအနေဖြင့် ကမ္ဘာ့ဆန်စပါးထုတ်လုပ်မှုနှင့် ပြည်တွင်းဆန်လက်ကျန် ပမာဏမြင့်တက်လာပြီး ပို့ကုန်ဈေးနှုန်းများကျဆင်းလာခြင်းတို့ကြောင့် ပြည်တွင်းဆန်ဈေးနှုန်းနှင့် တောင်သူများ၏ ဝင်ငွေအပေါ်သက်ရောက်မှုများရှိနေသည့်အတွက် ဆန်တင်ပို့မှု ဈေးကွက်ချဲ့ထွင်ရန် နည်းလမ်းများကို ရှာဖွေနေကြောင်း သိရသည်။

နိုင်ငံ၏ အဓိကဆန်စပါးစိုက်ပျိုးရာဒေသဖြစ်သော မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသသည် လက်ရှိတွင် ဆောင်းဦးစပါးသီးနှံ၏ အမြင့်ဆုံးရိတ်သိမ်းချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။ ယင်းအခြေအနေတွင် ဆန်ဈေးနှုန်းများတည်ငြိမ်စေရန် တောင်သူများအတွက် အကျိုးအမြတ်ရရှိစေရန်နှင့် ရေရှည်တည်တံ့သော ဆန်ပို့ကုန်ကဏ္ဍအဖြစ် မြှင့်တင်နိုင်ရန် ဆန်စပါးများကို အရှိန်အဟုန်ဖြင့် ဝယ်ယူစုဆောင်းကြရန် အာဏာပိုင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များကို တိုက်တွန်းထားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ် နှစ်စမှ မတ်လလယ်အထိ အမေရိကန်ဒေါ်လာ ၈၂၆ ဒသမ ၂ သန်း တန်ဖိုးရှိသော ဆန်တန်ချိန် ၁ ဒသမ ၇၄ သန်းခန့်ကို တင်ပို့နိုင်ခဲ့သည်။ ပျမ်းမျှ ပို့ကုန်ဈေးနှုန်းမှာ တစ်တန် လျှင် ၄၇၇ ဒသမ ၆ ဒေါ်လာရှိပြီး ၎င်းမှာ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားသည်။

ဈေးနှုန်းကျဆင်းရခြင်းသည် ပြည်တွင်းနှင့် ကမ္ဘာ့ဈေးကွက်နှစ်ခုလုံးတွင် ဆန်စပါးအထွက်နှုန်း များပြားနေခြင်းကို ထင်ဟပ်စေသကဲ့သို့ တစ်ဖက်တွင်လည်း သွင်းကုန်ဈေးကွက်အချို့မှ ဝယ်လိုအားကျဆင်းလာခြင်းကြောင့်လည်းဖြစ်သည်။ အဓိကဝယ်ယူနေသည့် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ၎င်းတို့၏ ပြည်တွင်းရိက္ခာအရန်ဆန်နှင့် စားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ထားနိုင်သဖြင့် ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်ခဲ့ကြသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဒေသတွင်းပို့ကုန်ဈေးကွက်သို့ပြန်လည်ဝင်ရောက်ရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။

ပထဝီနိုင်ငံရေးအချက်အလက်များသည်လည်း ပို့ကုန်ကဏ္ဍအပေါ် သက်ရောက်မှုရှိနေသည်။ အရှေ့အလယ်ပိုင်းဒေသရှိပဋိပက္ခများကြောင့် ကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းများ အနှောင့်အယှက်ဖြစ်ပေါ်လျက်ရှိပြီး ကုန်စည်သယ်ယူပို့ဆောင်စရိတ်များ မြင့်တက်လာခဲ့သည်။ ယင်းအခြေအနေများကြောင့် ဒေသတွင်းသို့ တင်ပို့မှုများသာမက ဥရောပဈေးကွက်များသို့ တင်ပို့မှုများကိုပါ ထိခိုက်စေခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် လက်ရှိတွင် တစ်နှစ်လျှင် စပါးစိုက်ပျိုးဧရိယာ ဟက်တာ ၇ သန်းကျော် စိုက်ပျိုးလျက်ရှိပြီး စုစုပေါင်းစပါးတန်ချိန် ၄၃ ဒသမ ၆ သန်းခန့် ထွက်ရှိမည်ဟုခန့်မှန်းထားသည်။ ၎င်းအနက် မှ စပါးတန်ချိန် ၁၅ ဒသမ ၄၆ သန်း (ဆန်တန်ချိန် ၇ ဒသမ ၇၃ သန်းနှင့် ညီမျှသောပမာဏ) ကို ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်သည်။

လက်ရှိစီမံချက်အနေဖြင့် အစိုးရသည် ဒေသန္တရအာဏာပိုင်များအား စီးပွားရေးလုပ်ငန်းရှင်များ၊ သမဝါယမအသင်းများနှင့်ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားထားသည်။ ၎င်းမှာ အမြင့်ဆုံးရိတ်သိမ်းချိန်ကာလအတွင်း ဆန်စပါးများကို အချိန်မီဝယ်ယူစုဆောင်းနိုင်စေရန်နှင့် ရိတ်သိမ်းပြီးစပါးများ ရောင်းမထွက်သည့်အခြေအနေမျိုး မဖြစ်ပေါ်စေရန်အတွက် ဖြစ်သည်။

ထို့ကြောင့် စီးပွားရေးလုပ်ငန်းများအား ချုပ်ဆိုထားပြီးသော ပြည်ပပို့ကုန်စာချုပ်များကို အကောင်အထည်ဖော်နိုင်ရန်နှင့် နောင်တွင်လိုအပ်လာမည့် ဝယ်လိုအားများအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ဆန်စပါးဝယ်ယူမှုကို တိုးမြှင့်ပြီး ယာယီသိုလှောင်ထားကြရန်လည်း တိုက်တွန်းထားသည်။

ရိတ်သိမ်းချိန်ကာလအတွင်း ဆန်စပါးဝယ်ယူစုဆောင်းမှုကို မြှင့်တင်ရန်အတွက် စီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် သိုလှောင်ရုံစနစ် အားကောင်းသည့်လုပ်ငန်းများအနေဖြင့် အတိုးနှုန်းသက်သာသောချေးငွေများကို ရရှိရန်လိုအပ်ကြောင်း ကျွမ်းကျင်သူများကအလေးပေးပြောကြားခဲ့သည်။ အထူးအခွင့်အရေးပေးသည့်ချေးငွေမူဝါဒများ (Preferential credit policies) သည် ဆန်စပါးများ ယာယီသိုလှောင်မှုကို တိုးမြှင့်နိုင်ရန်နှင့် ပြည်တွင်းဈေးကွက်ကို တည်ငြိမ်စေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ရေရှည်စီမံကိန်းအနေဖြင့် ဆန်စပါးထုတ်လုပ်မှုကို အရည်အသွေးမြင့်မားသော ဆန်အမျိုးအစားများနှင့် အထူးဆန်အမျိုးအစားများဘက်သို့ဦးတည်၍ ပြုပြင်ပြောင်းလဲခြင်းသည် ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန် အဓိကသော့ချက်အဖြစ် ရှုမြင်ကြသည်။ လက်ရှိတွင် အရည်အသွေးမြင့် ဆန်နှင့်မွှေးကြိုင်သော စပါးမျိုးများသည် နွေစပါးသီးနှံ၏ ၇၅ ရာခိုင်နှုန်းခန့်ရှိပြီး ထုတ်လုပ်မှုလမ်းကြောင်းအပေါ် အပြုသဘောဆောင်သော အပြောင်းအလဲကို ပေါ်လွင်စေသည်။

ဗီယက်နမ်နိုင်ငံသည် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်များမှ ရရှိလာသော အခွင့်အလမ်းများကို ပိုမိုကောင်းမွန်စွာအသုံးချနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ရသည်။ ဥရောပသမဂ္ဂ-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (EVFTA)အရ ဥရောပသမဂ္ဂသည် ဗီယက်နမ်အား တစ်နှစ်လျှင် ဆန်တန်ချိန် ၈၀,၀၀၀ ကို အခွန်ကင်းလွတ်ခွင့်ပေးထားသည်။

ဗြိတိန်-ဗီယက်နမ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (UKVFTA) အရလည်း အလားတူ အထူးအခွင့်အရေးပေးသည့် အခွန်ကိုတာများကို ပေးအပ်ထားပြီး ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံရေး (CPTPP) အောက်တွင် အချို့သောဈေးကွက်များသည် အကောက်ခွန်မဲ့ နှုန်းထားများကိုလည်း ကျင့်သုံးလျက်ရှိသည်။

သို့ရာတွင် အဆိုပါဈေးကွက် များအတွင်း ဗီယက်နမ်၏ ဆန်ဈေးကွက်ဝေစုမှာ နည်းပါးနေပြီး ပို့ကုန်လုပ်ငန်းရှင်များ အနေဖြင့် ထုတ်ကုန်အရည်အသွေး၊ မူရင်းဒေသထောက်ခံချက် (Origin Certification) နှင့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများ လိုက်နာမှုတို့ကို မြှင့်တင်နိုင်ပါက ဈေးကွက်ချဲ့ထွင်ရန် အခွင့်အလမ်းများစွာ ရရှိလာမည်ဖြစ်သည်။

လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် (FTAs) များမှတစ်ဆင့် ဈေးကွက်ဝင်ရောက်နိုင်မှုကို ချဲ့ထွင်ခြင်းသည် ပို့ကုန်တင်ပို့ရာဒေသများကို ပိုမိုတိုးပွားစေရန်နှင့် ကမ္ဘာ့ပြိုင်ဆိုင်မှုပြင်းထန်လာချိန်တွင် အစဉ်အလာဈေးကွက်များအပေါ် အလွန်အကျွံ မှီခိုနေရမှုကိုလျှော့ချရန် အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ရသည်။
(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)
Source: https://www.doca.gov.mm/my/node/64812

**ကုန်သွယ်မှုအခြေအနေ,**

**ကုန်စည်ဈေးနှုန်းများ**

**၂၀၂၆၊ ဧပြီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)( ၅.၅. ၂၀၂၆ ) ထိ**

| မြို့နယ် | ဧယာမနေသာသုခ (ထိပ်စ) | ရေဝတီ ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | - | 130000-143000 |
| မြောင်းမြ | 58000-62000 | 147000-155000 |
| ဒေးဒရဲ | 58000-62000 | 130000-143000 |
| ဝါးခယ်မ | 58000-62000 | 130000-143000 |
| ဘိုကလေး | 58000-62000 | 130000-143000 |
| မော်လမြိုင်ကျွန်း | 58000-62000 | 130000-143000 |
| လပွတ္တာ | - | 130000-143000 |
| ကျိုက်လတ် | 58000-62000 | 130000-143000 |
| ဘုရင့်နောင် | 58000-62000 | 190000-200000(ရွှေဘိုပေါ်ဆန်း) |

**Source: MRF**

**၂၀၂၆၊ ဧပြီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ဒေါ်လာ)**

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 6.4.2026 | 1850-2250 | 1800-2200 | 1750-2150 | 1700-2100 | 1650-2050 |
| 2 | 20.4.2026 | 1850-2250 | 1800-2200 | 1750-2150 | 1700-2100 | 1650-2050 |
| 3 | 27.4.2026 | 1900-2300 | 1850-2250 | 1800-2200 | 1750-2150 | 1700-2100 |

Source: MRPPA

## ၂၀၂၆၊ ဧပြီလအတွင်း နေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်စျေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(အသစ်) | | | ခွဲနီ(ရှယ်) | | | ညှော့မထ 15% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.4.2026 | 130000 | 125000 | 120000 | 98000 | 95000 | 93000 | 54000 | 53000 | 52500 | 54000 | 53000 | 52500 |
| 2 | 2.4.2026 | 130000 | 125000 | 120000 | 98000 | 95000 | 93000 | 54000 | 53000 | 52500 | 54000 | 53000 | 52500 |
| 3 | 3.4.2026 | 130000 | 125000 | 120000 | 98000 | 95000 | 93000 | 54000 | 53000 | 52500 | 54000 | 53000 | 52500 |
| 4 | 6.4.2026 | 140000 | 130000 | 125000 | 110000 | 105000 | 100000 | 59000 | 57000 | 56000 | 56000 | 55000 | 54000 |
| 5 | 7.4.2026 | 140000 | 130000 | 125000 | 110000 | 105000 | 100000 | 59000 | 57000 | 56000 | 56000 | 55000 | 54000 |
| 6 | 8.4.2026 | 140000 | 130000 | 125000 | 110000 | 105000 | 100000 | 59000 | 57000 | 56000 | 56000 | 55000 | 54000 |
| 7 | 9.4.2026 | 140000 | 130000 | 125000 | 110000 | 105000 | 100000 | 59000 | 57000 | 56000 | 56000 | 55000 | 54000 |
| 8 | 10.4.2026 | 140000 | 130000 | 125000 | 110000 | 105000 | 100000 | 59000 | 57000 | 56000 | 56000 | 55000 | 54000 |
| 9 | 20.4.2026 | 143000 | 135000 | 130000 | 120000 | 110000 | 105000 | 59000 | 57000 | 56000 | 56000 | 55000 | 54000 |
| 10 | 21.4.2026 | 143000 | 135000 | 130000 | 120000 | 110000 | 105000 | 59000 | 57000 | 56000 | 56000 | 55000 | 54000 |
| 11 | 22.4.2026 | 143000 | 135000 | 130000 | 120000 | 110000 | 105000 | 62000 | 59000 | 57000 | 58000 | 56500 | 55000 |
| 12 | 23.4.2026 | 143000 | 135000 | 130000 | 120000 | 110000 | 105000 | 62000 | 59000 | 57000 | 58000 | 56500 | 55000 |
| 13 | 24.4.2026 | 143000 | 135000 | 130000 | 120000 | 110000 | 105000 | 62000 | 59000 | 57000 | 58000 | 56500 | 55000 |
| 14 | 27.4.2026 | 143000 | 135000 | 130000 | 120000 | 110000 | 105000 | 62000 | 60000 | 58000 | 61000 | 58500 | 57000 |
| 15 | 28.4.2026 | 143000 | 135000 | 130000 | 120000 | 110000 | 105000 | 62000 | 60000 | 58000 | 61000 | 58500 | 57000 |
| 16 | 29.4.2026 | 143000 | 135000 | 130000 | 120000 | 110000 | 105000 | 62000 | 60000 | 58000 | 61000 | 58500 | 57000 |

Source: Myanmar Rice

## ၂၀၂၆၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.4.2026 | - | - | - | - | - | - |
| 2 | 2.4.2026 | 2100.0 | 64.22 | 304.56 | 1631.89 | 22.62 | 1315.30 |
| 3 | 3.4.2026 | 2100.0 | 64.33 | 305.27 | 1633.67 | 22.66 | 1315.67 |
| 4 | 6.4.2026 | 2100.0 | 64.65 | 305.12 | 1635.64 | 22.58 | 1317.23 |
| 5 | 7.4.2026 | 2100.0 | 64.50 | 305.79 | 1635.45 | 22.60 | 1314.84 |
| 6 | 8.4.2026 | 2100.0 | 65.56 | 307.52 | 1647.38 | 22.68 | 1325.97 |
| 7 | 9.4.2026 | 2100.0 | 65.55 | 307.26 | 1647.25 | 22.65 | 1321.88 |
| 8 | 10.4.2026 | 2100.0 | 65.32 | 307.41 | 1647.25 | 22.66 | 1318.68 |
| 9 | 20.4.2026 | 2100.0 | 65.43 | 307.92 | 1650.68 | 22.54 | 1320.38 |
| 10 | 21.4.2026 | 2100.0 | 65.53 | 308.16 | 1652.37 | 22.48 | 1321.79 |
| 11 | 22.4.2026 | 2100.0 | 65.37 | 307.88 | 1650.29 | 22.38 | 1319.39 |
| 12 | 23.4.2026 | 2100.0 | 64.78 | 307.30 | 1645.51 | 22.32 | 1315.34 |
| 13 | 24.4.2026 | 2100.0 | 64.75 | 307.27 | 1643.77 | 22.27 | 1315.01 |
| 14 | 27.4.2026 | 2100.0 | 65.00 | 307.75 | 1649.00 | 22.29 | 1319.22 |
| 15 | 28.4.2026 | 2100.0 | 64.62 | 307.24 | 1645.32 | 22.22 | 1316.57 |
| 16 | 29.4.2026 | 2100.0 | 64.30 | 307.29 | 1643.19 | 22.15 | 1314.35 |

Source: Central Bank of Myanmar

## ၂၀၂၆၊ ဧပြီလ ဘုရင်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC 2026 | ပဲစင်းငုံ RC 2026 | ပဲတီရွှေဝါ (ခရမ်း) (ထိပ်စ) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|
| 1 | 1.4.2026 | 3095000 | 3090000 | 3928500 | 2685300-2795600 | 2685300 |
| 2 | 2.4.2026 | 3100000 | 3083000 | 3928500 | 2685300-2795600 | 2685300 |
| 3 | 3.4.2026 | 3128000 | 3150000 | 3928500 | 2630200-2740400 | 2685300 |
| 4 | 6.4.2026 | 3143000 | 3130000 | 3928500 | 2630200-2740400 | 2685300 |
| 5 | 7.4.2026 | 3139000 | 3130000 | 4081600 | 2630200-2740400 | 2685300 |
| 6 | 8.4.2026 | 3175000 | 3165000 | 4081600 | 2630200-2740400 | 2685300 |
| 7 | 9.4.2026 | 3169000 | 3150000 | 4081600 | 2737400-2795600 | 2685300 |
| 8 | 10.4.2026 | 3161000 | 3150000 | 4081600 | 2737400-2795600 | 2685300 |
| 9 | 20.4.2026 | 3130000 | 3115000 | 4081600 | 2737400-2795600 | 2685300 |
| 10 | 21.4.2026 | 3106000 | 3068000 | 4081600 | 2737400-2795600 | 2685300 |
| 11 | 22.4.2026 | 3120000 | 3105000 | 4081600 | 2737400-2795600 | 2685300 |
| 12 | 23.4.2026 | 3121000 | 3100000 | 4081600 | 2633300-2688400 | 2685300 |
| 13 | 24.4.2026 | 3118000 | 3090000 | 4081600 | 2633300-2688400 | 2685300 |
| 14 | 27.4.2026 | 3121000 | 3100000 | 4081600 | 2633300-2688400 | 2685300 |
| 15 | 28.4.2026 | 3110000 | 3088000 | 4081600 | 2633300-2688400 | 2685300 |
| 16 | 29.4.2026 | 3117000 | 3090000 | 4081600 | 2578200-2633300 | 2685300 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၆၊ ဧပြီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး (ရွှေကျွန်း) | ပဲလွန်းဖြူ (မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 1.4.2026 | 5202300-5419700 | 2376100-2400600 | 2192400-2247500 | 4795000-5205300 | 979800-992100 |
| 2 | 2.4.2026 | 5202300-5419700 | 2376100-2400600 | 2192400-2247500 | 4795000-5205300 | 979800-992100 |
| 3 | 3.4.2026 | 5202300-5419700 | 2376100-2400600 | 2192400-2247500 | 4795000-5205300 | 979800-992100 |
| 4 | 6.4.2026 | 5202300-5419700 | 2345500-2400600 | 2192400-2247500 | 4795000-5104300 | 979800-992100 |
| 5 | 7.4.2026 | 5202300-5419700 | 2345500-2400600 | 2192400-2247500 | 4795000-5104300 | 1010400-1022700 |
| 6 | 8.4.2026 | 5202300-5419700 | 2345500-2400600 | 2192400-2247500 | 4795000-5104300 | 1010400-1022700 |
| 7 | 9.4.2026 | 5202300-5419700 | 2345500-2400600 | 2192400-2247500 | 4795000-5104300 | 1010400-1022700 |
| 8 | 10.4.2026 | 5202300-5419700 | 2327100-2379100 | 2192400-2247500 | 4795000-5104300 | 1010400-1022700 |
| 9 | 20.4.2026 | 5202300-5419700 | 2296500-2348500 | 2192400-2247500 | 4795000-5104300 | 1010400-1022700 |
| 10 | 21.4.2026 | 5202300-5419700 | 2296500-2348500 | 2192400-2265800 | 4795000-5104300 | 2028800-1041100 |
| 11 | 22.4.2026 | 5416600-5529900 | 2296500-2348500 | 2192400-2265800 | 4795000-5104300 | 2028800-1041100 |
| 12 | 23.4.2026 | 5634000-5747300 | 2296500-2348500 | 2192400-2296500 | 4795000-5104300 | 2028800-1041100 |
| 13 | 24.4.2026 | 5744200-5854400 | 2296500-2348500 | 2192400-2296500 | 4795000-5104300 | 2028800-1041100 |
| 14 | 27.4.2026 | 5744200-5854400 | 2296500-2348500 | 2192400-2265800 | 4795000-5104300 | 2028800-1041100 |
| 15 | 28.4.2026 | 5958600-6503600 | 2296500-2327100 | 2143400-2247500 | 4795000-5104300 | 1090100-1102300 |
| 16 | 29.4.2026 | 5958600-6503600 | 2244400-2327100 | 2143400-2195400 | 4795000-5104300 | 1090100-1102300 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၆၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ (မတန်/ဒေါ်လာ)

| ပဲအမျိုးအစား | | 1.4.2026 to 3.4.2026 | 6.4.2026 to 10.4.2026 | 20.4.2026 to 24.4 .2026 | 27.4.2026 to 29.4.2026 |
|---|---|---|---|---|---|
| မတ်ပဲ (2025-26 Crop) | FAQ | 790-800 | 790-800 | 790-800 | 785-795 |
| | SQ | 885-895 | 885-895 | 885-895 | 880-890 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 890-910 | 890-910 | 890-910 | 885-905 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 990-1010 | 990-1010 | 990-1010 | 985-1005 |
| | အခွံပါအခြမ်း | 890-910 | 890-910 | 890-910 | 885-905 |
| ပဲတီစိမ်း (2025-26 Crop) | FAQ (အညာ) | 900-910 | 920-930 | 920-930 | 940-950 |
| | FAQ (ရွှေဝါ) | 1000-1010 | 1020-1030 | 1020-1030 | 1040-1050 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 1050-1060 | 1070-1080 | 1070-1080 | 1090-1100 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 1020-1030 | 1040-1050 | 1040-1050 | 1060-1070 |
| | ရွှေဝါအသေး (Under 3.5 mm) | 920-930 | 920-930 | 920-930 | 920-930 |
| ပဲတီစိမ်း (2025-26 Crop) | FAQ ပဲနောက် | 900-910 | 920-930 | 920-930 | 920-930 |
| | SQ ပဲနောက် | 1240-1250 | 1270-1280 | 1270-1280 | 1270-1280 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1065-1085 | 1075-1095 | 1075-1095 | 1075-1095 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 970-990 | 970-990 | 970-990 | 970-990 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 920-940 | 920-940 | 920-940 | 920-940 |
| ပဲစင်းငုံ(2025 -26 Crop) | အနီ | 780-790 | 780-790 | 770-780 | 770-780 |
| ပဲစင်းငုံ(2024 -25 Crop) | အနီ | 760-770 | 760-770 | 740-750 | 740-750 |
| ပဲစင်းငုံ (2024-25 Crop) | အဖြူ(စစ်ကိုင်း) | 720-730 | 720-730 | 700-710 | 700-710 |
| | အခွံချွတ်အခြမ်း | 1050-1070 | 1050-1070 | 1030-1050 | 1030-1050 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 680-690 | 680-690 | 680-690 | 680-690 |
| | အခွံချွတ်အခြမ်း | 950-970 | 950-970 | 950-970 | 950-970 |
| ပဲလွန်းဖြူ | FAQ | 640-650 | 640-650 | 640-650 | 640-650 |
| | SQ | 740-750 | 740-750 | 740-750 | 740-750 |
| | အခွံချွတ်အခြမ်း | 780-800 | 780-800 | 780-800 | 780-800 |
| ပဲလွန်းနီ | FAQ | 680-690 | 660-670 | 660-670 | 660-670 |
| ပဲထောပတ် | FAQ | 710-720 | 740-750 | 740-750 | 740-750 |
| | အခွံချွတ်အခြမ်း | 740-760 | 770-790 | 770-790 | 770-790 |
| ပြောင်းဆန် | | 250-260 | 255-265 | 260-270 | 265-275 |
| နှမ်းဖြူ | | 1375-1385 | 1425-1435 | 1475-1485 | 1475-1485 |
| နှမ်းနက်(စမုန်) | | 2615-2625 | 2585-2595 | 2555-2565 | 2555-2565 |
| နှမ်းညို | | 1290-1300 | 1340-1350 | 1390-1400 | 1390-1400 |
| နှမ်းနက်(ရိုးရိုး) | | 2500-2510 | 2480-2490 | 2480-2490 | 2480-2490 |
| မြေထောက်ပဲ(အနီ)FAQ | | 845-855 | 845-855 | 845-855 | 865-875 |
| မြေထောက်ပဲ(အနီ)SQ | | 925-935 | 925-935 | 925-935 | 945-955 |
| မြေထောက်ပဲ(အဖြူ) | | 925-935 | 925-935 | 925-935 | 945-955 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 845-855 | 845-855 | 845-855 | 865-875 |
| ပဲယင်း(ဝါ) | | 670-680 | 690-700 | 690-700 | 680-690 |
| ပဲယင်း(နီ) | | 710-720 | 740-750 | 740-750 | 740-750 |
| ပဲကြီး | | 1255-1265 | 1255-1265 | 1255-1265 | 1295-1305 |
| ပဲကြီးအခွံချွတ်အခြမ်း | | 1375-1395 | 1375-1395 | 1375-1395 | 1415-1435 |
| Adzuki/Mung Beans (Red)/ Small Red Beans | | 1030-1040 | 1030-1040 | 1000-1010 | 1000-1010 |
| စွန်တာနီ/ပြာ | | 855-865 | 855-865 | 855-865 | 855-865 |
| ဘိုကိတ် | | | 590-600 | 590-600 | 590-600 |
| မြေပဲ (လုံးဆန်) | | 1805-1815 | 1805-1815 | 1805-1815 | 1805-1815 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၆၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN)(ဒေါ်လာ/ မက်တန်)

| စဉ် | အမျိုးအစား | 1.4.2026 to 7.4.2026 | 8.4.2026 to 14.4.2026 | 22.4.2026 to 28.4.2026 | 29.4.2026 to 5.5.2026 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 100 % (Super 100 %) | 335-345 | 345-355 | 345-355 | 355-365 |
| 2 | Myanmar Long Grain White Rice 100 % (Extra Well Milled) | 335-345 | 345-355 | 345-355 | 355-365 |
| 3 | Myanmar Long Grain White Rice 10% Broken (Special Emata 90 days) | 420-430 | 430-440 | 430-440 | 445-460 |
| 4 | Myanmar Long Grain White Rice (Emata) 3% Broken (Well Milled Double Polished Sortexed) | 340-345 | 350-355 | 350-355 | 350-360 |
| 5 | Myanmar Long Grain White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 315-335 | 325-345 | 325-345 | 335-355 |
| 6 | Myanmar Long Grain White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 310-325 | 320-335 | 320-335 | 330-345 |
| 7 | Myanmar Long Grain White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 305-320 | 315-330 | 315-330 | 325-340 |
| 8 | Myanmar Long Grain White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 285-305 | 295-315 | 295-315 | 315-325 |
| 9 | Myanmar White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 325-335 | 335-345 | 335-345 | 345-355 |
| 10 | Myanmar White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 320-325 | 330-335 | 330-335 | 340-345 |
| 11 | Myanmar White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 315-320 | 325-330 | 325-330 | 335-340 |
| 12 | Myanmar White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 295-305 | 305-315 | 305-315 | 315-325 |
| 13 | Myanmar White Rice 5% Broken (747) (Well Milled Double Polished Sortexed) | 335-345 | 345-355 | 345-355 | 355-365 |
| 14 | Myanmar White Rice 10% Broken (747) (Well Milled Double Polished Sortexed) | 330-335 | 340-345 | 340-345 | 350-355 |
| 15 | Myanmar White Rice 15% Broken (747) (Well Milled Double Polished Sortexed) | 325-330 | 335-340 | 335-340 | 345-350 |
| 16 | Myanmar Long Grain White Rice(Emata) 5% Broken (Well Milled & Sortexed) | 325-335 | 335-345 | 335-345 | 345-355 |
| 17 | Myanmar Long Grain White Rice(Emata) 10% Broken (Well Milled & Sortexed) | 320-325 | 330-335 | 330-335 | 340-345 |
| 18 | Myanmar Long Grain White Rice(Emata) 15% Broken (Well Milled & Sortexed) | 315-320 | 325-330 | 325-330 | 335-340 |
| 19 | Myanmar Long Grain White Rice(Emata) 25% Broken (Well Milled & Sortexed) | 295-305 | 305-315 | 305-315 | 315-325 |
| 20 | Myanmar Long Grain White Rice(Emata) 5% Broken (Reasonable Well Milled) | 305-315 | 315-325 | 315-325 | 325-335 |
| 21 | Myanmar Long Grain White Rice(Emata) 10% Broken (Reasonable Well Milled) | 295-305 | 305-315 | 305-315 | 315-325 |
| 22 | Myanmar Long Grain White Rice(Emata) 15% Broken (Reasonable Well Milled) | 285-295 | 295-305 | 295-305 | 305-315 |
| 23 | Myanmar Long Grain White Rice(Emata) 25% Broken (Reasonable Well Milled) | 275-285 | 285-295 | 285-295 | 295-305 |
| 24 | Myanmar Long Grain White Rice (GW-11) 5% Broken (Well Milled Double Polished Sortexed) | 325-335 | 335-345 | 335-345 | 345-355 |
| 25 | Myanmar Long Grain White Rice (GW-11) 10% Broken (Well Milled Double Polished Sortexed) | 320-325 | 330-335 | 330-335 | 340-345 |
| 26 | Myanmar Long Grain White Rice (GW-11) 25% Broken (Well Milled Double Polished Sortexed) | 305-315 | 315-325 | 315-325 | 325-335 |
| 27 | Myanmar White Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 325-335 | 335-345 | 335-345 | 345-355 |
| 28 | Myanmar White Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 325-330 | 330-335 | 330-335 | 340-345 |
| 29 | Myanmar White Rice (Kayinma)15% Broken (Well Milled Double Polished Sortexed) | 320-325 | 325-330 | 325-330 | 335-340 |
| 30 | Myanmar White Rice (Kayinma)25% Broken (Well Milled Double Polished Sortexed) | 315-320 | 320-325 | 320-325 | 330-335 |
| 31 | Myanmar White Rice (Sin Thu Kha)5% Broken (Well Milled Double Polished Sortexed) | 330-335 | 340-345 | 340-345 | 345-350 |
| 32 | Myanmar White Rice (Sin Thu Kha)10% Broken (Well Milled Double Polished Sortexed) | 315-320 | 325-335 | 325-335 | 335-340 |
| 33 | Myanmar White Rice (Sin Thu Kha)15% Broken (Well Milled Double Polished Sortexed) | 320-325 | 330-335 | 330-335 | 330-335 |
| 34 | Myanmar White Rice (Sin Thu Kha)25% Broken (Well Milled Double Polished Sortexed) | 305-315 | 315-325 | 315-325 | 320-330 |
| 35 | Myanmar White Rice (Thee Pu)5% Broken (Well Milled Double Polished Sortexed) | 315-325 | 325-335 | 325-335 | 335-345 |
| 36 | Myanmar White Rice (Thee Pu)10% Broken (Well Milled Double Polished Sortexed) | 305-315 | 315-325 | 315-325 | 325-335 |
| 37 | Myanmar White Rice (Thee Pu)15% Broken (Well Milled Double Polished Sortexed) | 300-305 | 310-315 | 310-315 | 320-325 |
| 38 | Myanmar White Rice (Thee Pu)25% Broken (Well Milled Double Polished Sortexed) | 295-300 | 305-310 | 305-310 | 315-320 |
| 39 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 330-335 | 340-345 | 340-345 | 350-355 |
| 40 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 325-330 | 335-340 | 335-340 | 345-350 |
| 41 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 320-325 | 330-335 | 330-335 | 340-345 |
| 42 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 315-320 | 325-330 | 325-330 | 335-340 |
| 43 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Reasonable Well - Milled) | 305-310 | 315-320 | 315-320 | 325-330 |
| 44 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Reasonable Well - Milled) | 285-295 | 295-305 | 295-305 | 305-315 |
| 45 | Myanmar Long Grain Fragrant Rice 5% Broken (Well Milled Double Polished Sortexed) | 455-465 | 465-475 | 465-475 | 475-485 |
| 46 | Myanmar White Rice Tun Pu (or)Bike Phyu 5% Broken(Well Milled Double Polished Sortexed) | 330-340 | 340-350 | 340-350 | 350-360 |
| 47 | Myanmar White Rice Tun Pu (or)Bike Phyu 10% Broken(Well Milled Double Polished Sortexed) | 325-335 | 335-345 | 335-345 | 345-355 |
| 48 | Myanmar White Rice Tun Pu (or)Bike Phyu 15% Broken(Well Milled Double Polished Sortexed) | 320-325 | 330-335 | 330-335 | 340-345 |
| 49 | Myanmar White Rice Tun Pu (or)Bike Phyu 25% Broken(Well Milled Double Polished Sortexed) | 310-315 | 320-325 | 320-325 | 330-335 |
| 50 | Myanmar Parboiled Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 445-455 | 455-465 | 455-465 | 465-475 |
| 51 | Myanmar Parboiled Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 435-445 | 445-455 | 445-455 | 455-465 |
| 52 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 435-455 | 445-465 | 445-465 | 455-475 |
| 53 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 425-445 | 435-455 | 435-455 | 445-465 |
| 54 | Myanmar Glutinous Rice 5% Broken (Well Milled) | 495-505 | 505-515 | 505-515 | 315-325 |
| 55 | Myanmar Glutinous Rice 10% Broken (Well Milled) | 485-495 | 495-505 | 495-505 | 305-315 |
| 56 | Myanmar Glutinous Rice 15% Broken (Well Milled) | 475-485 | 485-495 | 485-495 | 495-505 |
| 57 | Myanmar Glutinous Rice 25% Broken (Well Milled) | 465-475 | 475-485 | 475-485 | 485-495 |
| 58 | Myanmar Glutinous Rice 10% Broken (Reasonable Well Milled) | 460-470 | 470-480 | 470-480 | 480-490 |
| 59 | Myanmar Glutinous Rice 25% Broken (Reasonable Well Milled) | 445-455 | 455-465 | 455-465 | 465-475 |
| 60 | Myanmar Brown Rice 5% Broken | 315-325 | 325-335 | 325-335 | 335-345 |
| 61 | Myanmar Brown Rice 10% Broken | 310-315 | 320-325 | 320-325 | 330-335 |

Source: MRF

## ၂၀၂၆၊ ဧပြီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 1.4.2026 | 102.98 | 105.26 | 324.90 | 2.88 | 412.77 |
| 2 | 2.4.2026 | 106.16 | 107.79 | 326.03 | 2.87 | 441.13 |
| 3 | 3.4.2026 | 111.54 | 109.03 | 328.80 | 2.80 | 436.11 |
| 4 | 6.4.2026 | 111.69 | 109.98 | 328.41 | 2.84 | 449.69 |
| 5 | 7.4.2026 | 115.48 | 111.45 | 334.40 | 2.79 | 444.00 |
| 6 | 8.4.2026 | 96.84 | 96.68 | 301.68 | 2.73 | 392.05 |
| 7 | 9.4.2026 | 97.66 | 97.16 | 303.91 | 2.72 | 392.23 |
| 8 | 10.4.2026 | 98.48 | 96.83 | 301.45 | 2.67 | 400.23 |
| 9 | 20.4.2026 | 89.00 | 95.36 | 311.80 | 2.72 | 362.35 |
| 10 | 21.4.2026 | 87.76 | 93.98 | 308.50 | 2.67 | 347.96 |
| 11 | 22.4.2026 | 89.28 | 98.20 | 318.74 | 2.71 | 373.70 |
| 12 | 23.4.2026 | 94.94 | 103.70 | 339.33 | 2.73 | 397.74 |
| 13 | 24.4.2026 | 96.56 | 105.85 | 347.28 | 2.57 | 400.97 |
| 14 | 27.4.2026 | 95.19 | 106.42 | 348.89 | 2.52 | 399.45 |
| 15 | 28.4.2026 | 97.78 | 109.74 | 350.82 | 2.51 | 397.14 |
| 16 | 29.4.2026 | 99.69 | 111.59 | 355.43 | 2.67 | 398.05 |

Source: Bullionberg Commodities

## ၂၀၂၆၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 1.4.2026 | 4679 | 4688 |
| 2 | 2.4.2026 | 4637 | 4648 |
| 3 | 3.4.2026 | 4690 | 4699 |
| 4 | 6.4.2026 | 4635 | 4643 |
| 5 | 7.4.2026 | 4652 | 4660 |
| 6 | 8.4.2026 | 4736 | 4744 |
| 7 | 9.4.2026 | 4728 | 4736 |
| 8 | 10.4.2026 | 4759 | 4769 |
| 9 | 20.4.2026 | 4795 | 4805 |
| 10 | 21.4.2026 | 4799 | 4807 |
| 11 | 22.4.2026 | 4770 | 4778 |
| 12 | 23.4.2026 | 4712 | 1720 |
| 13 | 24.4.2026 | 4679 | 4687 |
| 14 | 27.4.2026 | 4729 | 4742 |
| 15 | 28.4.2026 | 4673 | 4684 |
| 16 | 29.4.2026 | 4601 | 4611 |

Source: Bullionvault,